ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ (9-10-2014) (၇၉၈၈)

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သော ကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏။ အလွန်ပင် ဝမ်းမြောက်ရပေ၏။

(ဓမ္မပဒ-၁၆)



ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)။



ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဇနီး တွဲဖက်ပါမောက္ခ နာရာပွန် ချန်အိုချာ။

## ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ကိုယ်ရေးအကျဉ်း

ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာအား ၁၉၅၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ထိုင်းနိုင်ငံ နာခွန်းရတ်ချစီမာပြည်နယ်၌ မွေးဖွားခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာသည် ချူလာချွမ်ကလောင်း တော်ဝင်စစ်တက္ကသိုလ် အပတ်စဉ် (၂၃)မှ သိပ္ပံဘွဲ့ကို ၁၉၇၆ ခုနှစ်တွင်ရရှိခဲ့ပြီး ခြေလျင်တပ်အရာရှိ အခြေခံသင်တန်းကို ၁၉၇၆ ခုနှစ်တွင်လည်းကောင်း၊ အဆင့်မြင့်သင်တန်းကို ၁၉၈၁ ခုနှစ်တွင် လည်းကောင်း တက်ရောက်အောင်မြင်ခဲ့သည်။ ထို့ပြင် စစ်ဦးစီးအရာရှိတက္ကသိုလ်သို့ ၁၉၈၅ ခုနှစ်တွင် လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ၂၀၀၇ ခုနှစ်တွင် လည်းကောင်း အသီးသီး တက်ရောက်အောင်မြင်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာသည် ဘုရင်မကိုယ်ရံတော်တပ်ဖွဲ့၌ အမှတ်(၂၁) ခြေလျင်တပ်ရင်းကြီး၏ ဒုတိယခြေလျင်တပ်ရင်း၌ တပ်ရင်းမှူးအဖြစ် ၁၉၉၀ ခုနှစ်တွင် လည်းကောင်း၊ အမှတ်(၂၁)ခြေလျင်တပ်ရင်းကြီး၏ တပ်ရင်းမှူးအဖြစ် ၁၉၉၈ ခုနှစ်တွင် လည်းကောင်း၊ အမှတ်(၂) ခြေလျင်တပ်မ၏ တပ်မမှူးအဖြစ် ၂၀၀၃ ခုနှစ်တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် အမှတ်(၁) စစ်တိုင်းကြီး၏ တိုင်းမှူးအဖြစ် ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်၏ စစ်ဦးစီးအရာရှိချုပ်အဖြစ် ၂၀၀၈ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယကြည်းတပ်ဦးစီးချုပ်အဖြစ် ၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊

စာမျက်နှာ ၂ ကော်လံ ၁ သို့ ✳

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းမြို့ရှိ ဆေးရုံ၊ ဆေးခန်းများ လေ့လာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းမြို့ ရှင်းရှို့ရပ်ကွက် ဒေသန္တရကျန်းမာရေးဆေးခန်းအတွင်း ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၈**

(၄၅)ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



သတင်းနှင့်ဓာတ်ပုံ သီသီမင်း

# အိန္ဒိယနိုင်ငံမှ ကုန်သေတ္တာသင်္ဘော မြန်မာနိုင်ငံသို့ တိုက်ရိုက်ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ရေကြောင်းကုန်စည်ပို့ဆောင်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရန်အတွက် အိန္ဒိယနိုင်ငံမှ ကုန်သေတ္တာအလုံးပေါင်း ၂၅၀ တင်ဆောင်လာသော The Shipping Corporation of India သင်္ဘောလိုင်းမှ MV SCI- Kamal သင်္ဘောသည် ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်း (လန်းပြီပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်)သို့ ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

"ဒီလို ကုန်စည်သင်္ဘောတွေ အိန္ဒိယနဲ့ မြန်မာအကြားသွားလာတဲ့အတွက် အချိန်ကုန်သက်သာလာမယ်။ ၂၀၁၅ မှာ နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဘီလီယံရောက်ရှိရေး ရည်မှန်းချက်ပြည့်မီဖို့အတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုရာရောက်မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ **စာမျက်နှာ ၂ ကော်လံ ၁ သို့ ❖**

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ACCA-UK
Available Course ➡ Knowledge Module, Skill Module, Professional Module
အမှတ်(၁၈)၊(၃အေ-၆ဘီ)၊ သပြေညို(၂)တိုက်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ ၀၁ ၅၀၄၇၃၇၊ ၅၁ ၂၉၀၀၊ ၀၉ ၄၅၀၀ ၂၂၆၄၆၊ ၀၉ ၇၃၁၀၈၄၀၉၊ ၀၉ ၅၁၇၀၁၀၅။

# ကောင်းမွန်သော အမျိုးသားပညာရေး

တိုင်းပြည်တစ်ပြည်အတွက် ကောင်းမွန်သော အနာဂတ်တစ်ခုကို ထုဆစ်ပုံဖော်နိုင်ရန်မှာ မျိုးဆက်သစ် လူငယ်လူရွယ်များအပေါ်တွင် မူတည်ပေသည်။ လူငယ်လူရွယ်များ အနာဂတ်ကိုဖော်ဆောင်နိုင်ရန်အတွက် ယခုပစ္စုပ္ပန်ကာလတွင် မှန်ကန်သောအသိအမြင်များ ပေးကြရပေလိမ့်မည်။ ထိုသို့ပေးနိုင်ရန်အတွက် ပညာသည် အခြေခံကျသောအချက်ဖြစ်လာသည်။

မျက်မှောက်ကာလတွင် အနာဂတ်နိုင်ငံတော်အတွက် ကောင်းမွန်သော အမျိုးသားပညာရေးစနစ်ကို အကောင်အထည်ဖော်နေပြီဖြစ်သည်။ ထိုသို့ဖော်ဆောင်နိုင်ရန် ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်နေ့စွဲဖြင့် အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းပေးလိုက်သည်။

ရည်ရွယ်ချက်မှာ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများဖြစ်လာစေရေး၊ ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးပြီး ရိုးရာဓလေ့၊ သမိုင်းအမွေနှင့် သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားမြင့်တင်နိုင်ရေး၊ ပညာအခြေပြု လူ့အရင်းအမြစ်ပျိုးထောင်ပေးရေး၊ နိုင်ငံတကာအဆင့်မီ ပညာဝန်းကျင်ဖန်တီးပေးရေးနှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးချပြီး အရည်အသွေးမြင့်မားလာရေး၊ ပညာရပ်နယ်ပယ်အလိုက် ထူးချွန်စွာတတ်မြောက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများ ပျိုးထောင်ပေးရေး၊ အားကစားကဏ္ဍကို မြှင့်တင်ပေးခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာဖော်ဆောင်ရေးတို့ဖြစ်သည်။

ထိုအမျိုးသားပညာရေးစနစ်ကို ဖော်ဆောင်ရာတွင် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးတို့ ပါဝင်သည်ကိုတွေ့ရသည်။ ထိုနေရာတွင် သင်ယူရန်နေရာ၊ သင်ကြားပေးမည့် ဆရာနှင့် ပံ့ပိုးကူညီထောက်ပံ့ပေးမှုများသည် အရေးကြီးသော အချက်များဖြစ်လာသည်။

သင်ယူရန်နေရာတို့တွင် အစိုးရကျောင်းများ၊ အစိုးရအထောက်အပံ့ကျောင်းများ၊ ဒေသန္တရအဖွဲ့အစည်းပိုင် ကျောင်းများ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပရဟိတကျောင်းများ၊ အထူးပညာရေးအစီအစဉ်ကျောင်းများ၊ ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ကျောင်းများဟူ၍ ပညာနှင့်ပတ်သက်သမျှ မကွဲင်းမကျန်ရအောင် ပါဝင်သည်ကို တွေ့ရပါသည်။

ထို့ကြောင့် ထိုဥပဒေအရ အနာဂတ်လူငယ်လူရွယ်များအတွက် အားရဖွယ် အားထားဖွယ်ကောင်းလှပါသည်။ ထိုထိုသော စုံလင်လှသည့်အနေအထားတွင် သင်ယူသူ အနေနှင့်လည်း သင်ယူလိုစိတ်ပြင်းပြရန် လိုအပ်ပြီး အဆင့်မီမီ၊ စေတနာရှိရှိ သင်ကြားပြသပေးမည့်သူများနှင့် လိုအပ်သော အကူအညီအထောက်အပံ့များကို အခါမလပ်ဖြည့်ဆည်းပေးနိုင်ရန်မှာလည်း အရေးကြီးပေသည်။

ထိုနေရာတွင် အခြေခံလူတန်းစားများနှင့် ဝေးလံခေါင်သီသော ဒေသမှ ပညာလိုလားသူများအတွက် ဘုန်းတော်ကြီးသင်ကျောင်း၊ ပရဟိတကျောင်း၊ အထူးပညာရေးအစီအစဉ်ကျောင်း၊ ရွှေ့လျားနှင့်အရေးပေါ်ကျောင်း၊ ရပ်ရွာပညာပဒေသာဌာန၊ ရပ်ရွာအခြေပြုပညာရေးအစီအစဉ်နှင့် ကျောင်းပြင်ပအခြေခံပညာအဆင့် သင်တန်းများသည် မရှိမဖြစ်လိုအပ်သော နေရာများဖြစ်သည်။

ထိုကျောင်း၊ ထိုသင်တန်းများအတွက် လိုအပ်သည့်ပညာ၊ သတ်မှတ်သည့် ကျောင်းအဆင့်အတန်း ရောက်စေရန်နှင့် နည်းပညာ၊ ကျွမ်းကျင်သူ၊ သင်ကြားရေးအထောက်အကူများ ပံ့ပိုးပေးရပေလိမ့်မည်။ ယင်းသို့ပံ့ပိုးပေးနိုင်အောင်လည်း ယခုဥပဒေတွင် ဆောင်ရွက်ပေးရန်ပြဋ္ဌာန်းထားရာ သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေး၍ ပညာသင်ကာလအတွင်း ထောက်ပံ့ကြေး၊ အကျိုးခံစားခွင့်တို့ကို လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့ပေးခြင်းဖြင့် နိုင်ငံတော်က မျှော်မှန်းထားသော အမျိုးသားပညာရေးစနစ် အောင်မြင်မည်ဟု မျှော်လင့်ယုံကြည်မိပါသည်။ ။

✱ ရှေ့ဖုံးမှ

ကြည်းတပ်ဦးစီးချုပ်အဖြစ် ၂၀၁၀ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးကောင်စီ အကြီးအကဲအဖြစ် ၂၀၁၄ ခုနှစ် မေလ ၂၂ ရက်နေ့မှစတင်၍ လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာသည် ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။

ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာသည် တွဲဖက်ပါမောက္ခတစ်ဦးဖြစ်သူ နာရာပွန် ချန်အိုချာနှင့် လက်ထပ်ခဲ့ပြီး သမီးနှစ်ဦးရှိပါသည်။

## ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဇနီး တွဲဖက်ပါမောက္ခ နာရာပွန်ချန်အိုချာ၏ ကိုယ်ရေးအကျဉ်း

မစ္စစ်နာရာပွန်ချန်အိုချာသည် ချူလာလောင်ကွန်းတက္ကသိုလ်မှ အငြိမ်းစားတွဲဖက်ပါမောက္ခတစ်ဦးဖြစ်ပါသည်။ သူမသည် သာမာဆတ်တက္ကသိုလ်မှ အင်္ဂလိပ်စာဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပြီး မဟီဒေါတက္ကသိုလ်မှ အသုံးချဘာသာဗေဒဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ သူမသည် ဆရာအတတ်သင်လက်မှတ်ကို အင်္ဂလန်နိုင်ငံ Leeds တက္ကသိုလ်မှ ရရှိခဲ့ပါသည်။ ထို့ပြင် ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်းကို လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် တရားရေးစီမံခန့်ခွဲမှုသင်တန်းကိုလည်းကောင်း တက်ရောက်အောင်မြင်ထားသူဖြစ်ပါသည်။

တွဲဖက်ပါမောက္ခနာရာပွန်ချန်အိုချာသည် ချူလာလောင်ကွန်းတက္ကသိုလ် ဘာသာစကားသင်တန်းကျောင်း၌ စီမံကိန်းနှင့် စီမံရေးရာ ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်း ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ သူမဆောင်ရွက်ခဲ့သည့် ရာထူးတာဝန်များထဲ၌ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် ဆောင်ရွက်ခဲ့သည့် အင်္ဂလိပ်စာအားနိုင်ငံခြားဘာသာ စကားတစ်ခုအဖြစ် သင်ကြားရေးအပြည်ပြည်ဆိုင်ရာ ဆရာများအသင်း၏ ကော်မတီအဖွဲ့ဝင်နှင့် ၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ထိုင်းမင်းသမီး ဂယ်လ်ယာနီ ဝါဟာနာ၏ ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်ထားသော ထိုင်းနိုင်ငံ အင်္ဂလိပ်စာသင်ကြားရေး ဆရာများအသင်း၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့မှုများသည် ထင်ရှားသည့် ဆောင်ရွက်ချက်များဖြစ်ပါသည်။

တွဲဖက်ပါမောက္ခနာရာပွန်ချန်အိုချာသည် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာနှင့် အိမ်ထောင်ပြုခဲ့ပြီး သမီးအမွှာထွန်းကားခဲ့ပါသည်။ သူမသည် ဘာသာဗေဒနှင့် လူမှုရေးလုပ်ငန်းများ၌ မွေ့လျော်သူတစ်ဦးဖြစ်ပါသည်။ ထို့ပြင် စာပေဖတ်ရှုခြင်း၊ ပြတိုက်များသို့ သွားရောက်ခြင်းနှင့် ကွဲပြားသော ရိုးရာယဉ်ကျေးမှုများကို လေ့လာခြင်းတို့ကို နှစ်သက်သူတစ်ဦးလည်းဖြစ်ပါသည်။



သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်ရှိ လေှဝန်းတောင်တွင် လာရောက်လည်ပတ်သူများ စည်ကားလျက်ရှိစဉ်။ (ဓာတ်ပုံ-မုဒြာ)


❖ အိန္ဒိယမှ

စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပထမအတွင်းဝန် ဒေါက်တာ အက်(စ်) ဂျနကီရာမန်ကပြောသည်။

မြန်မာနှင့် အိန္ဒိယနိုင်ငံအကြား ကုန်တင်သင်္ဘောများ တိုက်ရိုက်ပြေးဆွဲခြင်းဖြင့် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြင့်လာမည်ဖြစ်ပြီး စီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာကာ ကုန်စည်စီးဆင်းမှုများလည်းပိုမိုမြန်ဆန်လာမည်ဖြစ်သည်။


The Shipping Corporation of India သင်္ဘောလိုင်းမှ MV SCI Kamal သင်္ဘောသည် Chennai-Krishnapatnam - Yangon - Colombo ဆိပ်ကမ်းမြို့များသို့ ပုံမှန်ခရီးစဉ်အဖြစ် ပြေးဆွဲသွားမည်ဖြစ်ပြီး ဗိုလ်အောင်ကျော် ဆိပ်ကမ်း (လန်းပြီ ပင်လယ်ရေကြောင်း ကုမ္ပဏီလီမိတက်)သို့ တစ်လလျှင် နှစ်ကြိမ်ခန့် ပုံမှန် ဆိုက်ကပ်ပြေးဆွဲမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ Chennai မှ အောက်တိုဘာ ၃ ရက်တွင် စတင်ထွက်ခွာလာခဲ့သည့် ကုန်မက်ထရစ်တန်ချိန် (၅၁၀၂ဒသမ ၅)တင်ဆောင်လာသော MV SCI- Kamal သင်္ဘောသည် ကုန်သေတ္တာများ တင်ဆောင်ပြီး အောက်တိုဘာ ၁၁ ရက်တွင် အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။








ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၄၅)ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်စဉ်။ (သတင်းစဉ်)

☆ **ဒုတိယသမ္မတမှ**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Ma Biao၊ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ နိုင်ငံအလိုက် အသင်းအုပ်ချုပ်သူများ၊ ဒိုင်လူကြီးများ၊ ဖျော်ဖြေရေးအနုပညာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာ ဖန်ချင်းဟွာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာနဝန်ကြီး မစ္စတာ လျိုဖျင်နှင့် ကမ္ဘာ့ကျွမ်းဘားအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Bruno Grandi တို့ကအမှာစကားပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.Ma Biao က အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက ကျွမ်းဘားပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယခုကျင်းပသည့် ကျွမ်းဘားပြိုင်ပွဲကို အောက်တိုဘာ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၇၃ နိုင်ငံမှ ကျွမ်းဘားအားကစားသမား ၆၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသား (၂၃) နှစ်အောက် ၃၄၃ ဦး၊ အမျိုးသမီး (၁၉)နှစ်အောက် ၂၇၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်နင်းမြို့ ဝူထန်ကျေးရွာအုပ်စု ဆေးရုံသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဒုတိယသမ္မတအား ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးက ဆေးရုံ၏ဖွဲ့စည်းအုပ်ချုပ်ပုံ၊ ဝန်ထမ်းအင်အား၊ ဆေးရုံသုံးပစ္စည်းများတပ်ဆင်ထားရှိမှု၊ ရောဂါများကုသဆောင်ရွက်ပေးနိုင်မှု၊ ဆေးရုံအတွက်အစိုးရကနှစ်စဉ်ထောက်ပံ့ပေးနေမှု၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်ထားမှု၊ အစိုးရက ကျန်းမာရေးအာမခံကြေး ပေးသွင်းထားပေးမှု၊ ဆေးကုသကုန်ကျစရိတ်အား သတ်မှတ်ရာခိုင်နှုန်းအတိုင်းကျခံပေးမှု၊ ဆေးကုသရာတွင် အစိုးရ၏ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ကုသပေးနေမှု၊ ဒေသခံပြည်သူများနှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း လူနာများအား အနောက်တိုင်းဆေးပညာ၊ တိုင်းရင်းဆေးပညာတို့ဖြင့် ဆေးကုသပေးနေမှု၊ ဆေးရုံသုံး စက်ကိရိယာများဖြင့် ဆေးကုသပေးနေမှုတို့ကို လိုက်လံကြည့်ရှုသည်။

အဆိုပါ ဆေးရုံသည် ၁၉၅၆ ခုနှစ်ကတည်းက တည်ထောင်ထားသည့် (၇၆)ခုတင်ဆံ့ဆေးရုံဖြစ်ကာ ဝန်ထမ်းအင်အား ၁၁၅ ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်နင်းမြို့ ရှင်းရှို့ရပ်ကွက်ဒေသန္တရကျန်းမာရေးဆေးခန်းသို့ရောက်ရှိပြီး လူနာများအား ဆေးကုသပေးနေမှု၊ ပြင်ပလူနာဌာန၊ မှတ်တမ်းဌာနနှင့် တိုင်းရင်းဆေးဖြင့် ကုသပေးနေမှုတို့ကို ကြည့်ရှုသည်။

အဆိုပါ ဆေးခန်းတွင် ဒေသခံပြည်သူများအား ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များနှင့် စိတ်ရောဂါဝေဒနာရှင်များအား ကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရပ်ကွက် ကိုးရပ်ကွက်မှ ပြည်သူ ၇၀၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ကုသမှုမှတ်တမ်းများ ထိန်းသိမ်းခြင်းတို့ကိုလည်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဆင့္ခအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၅၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဆင့္ခအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၅၇) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝတ်အသင်းအဖွဲ့များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်၊သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် သမန္တာအစချီ မေတ္တာသုတ်တော်၊ ရတနာသုံးပါး၊ ဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အဘိဓမ္မာအခါတော်နေ့ တရားတော်ကိုနာယူ၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင်လည်း ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ စုပေါင်း၍ ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ဝတ်ရွတ်ပူဇော်ကြပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ကျင်းပခဲ့ကြောင်းနှင့် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဆီမီးများ ထွန်းညှိပူဇော်၍ စုပေါင်းပါဝင်ကုသိုလ်ယူခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**



## အဲဖရန့်စ်လေယာဉ်မှူးများ သပိတ်မှောက်မှု ယူရိုသန်း ၅၀၀ ဆုံးရှုံးနစ်နာရ

**ပါရီ အောက်တိုဘာ ၈**

ပြင်သစ်နိုင်ငံ၌ အဲဖရန့်စ်လေကြောင်းကုမ္ပဏီမှ လေယာဉ်မှူးများ ၁၄ ရက်ကြာ သပိတ်မှောက်ခဲ့မှုကြောင့် ယူရိုသန်း ၅၀၀ (ဒေါ်လာ ၆၃၂ သန်း) ဆုံးရှုံးနစ်နာရကြောင်း ကုမ္ပဏီတာဝန်ရှိသူများက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

လေယာဉ်မှူးများသည် စက်တင်ဘာလအတွင်းက ရက်သတ္တနှစ်ပတ်ကြာမျှ သပိတ်မှောက်ခဲ့ခြင်းကြောင့် အဲဖရန့်စ်လေကြောင်းကုမ္ပဏီပါဝင်သော လုပ်ငန်းအုပ်စုဖြစ်သည့် အဲဖရန့်စ် ကေအယ်လ်အမ်အုပ်စု၏ နှစ်အလိုက် အမြတ်ဝင်ငွေ ငါးပုံတစ်ပုံကျော် ကျဆင်းမှုကိုဖြစ်စေကြောင်း ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားကြသည်။

အဲဖရန့်စ်-ကေအယ်လ်အမ်အုပ်စုသည် ဝင်ငွေရရှိမှုအရ ဥရောပ၌ ဒုတိယအကြီးဆုံးလေကြောင်း အုပ်စုဖြစ်သည်။ စက်တင်ဘာလတွင် မိမိတို့၏ လေကြောင်းအုပ်စုမှ လေယာဉ်စီး ခရီးသည်ဦးရေ ၁၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း၊ စတုတ္ထသုံးလပတ်ကာလအတွက် ကြိုတင်လက်မှတ်ရောင်းချရမှုမှာ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဲဖရန့်စ်-ကေအယ်လ်အမ်အုပ်စုသည် လက်အောက်ခံလေကြောင်း ကုမ္ပဏီဖြစ်သော ထရန်ဆာဗီးယားဖရန့်စ်ကို တိုးချဲ့ရန် စီစဉ်ခြင်းကို လေယာဉ်မှူးများက သပိတ်မှောက်ခြင်းဖြစ်သည်။ လေကြောင်းခရီးစဉ်များ တိုးချဲ့ရာတွင် လုပ်အားခချိုသာသော လေယာဉ်မှူးများအစားထိုးဝင်ရောက်လာမည်ကို အဲဖရန့်စ်လေယာဉ်မှူးများက ကန့်ကွက်ကြခြင်းဖြစ်သည်။ **ပီတီအိုင်။**



တရုတ်နိုင်ငံ ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ၏ မြေပြင်အခြေစိုက်စခန်းကို တွေ့ရစဉ်။

# ပင်လယ်ရေကြောင်း လေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုများလွှတ်တင်ရန် တရုတ်နိုင်ငံ စီစဉ်

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ပင်လယ်ရေကြောင်း လေ့လာစောင့်ကြည့်ရေးဂြိုဟ်တုများကို လွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း ဂြိုဟ်တုနည်းပညာဖြင့် ပင်လယ်သမုဒ္ဒရာလေ့လာစောင့်ကြည့်ရေးဌာနက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

အိပ်ချ်ဝိုင်-၃ ဟု အမည်ပေးထားသော ပင်လယ်ရေကြောင်း လေ့လာစောင့်ကြည့်ရေးဂြိုဟ်တုများသည် ဥတုရာသီမရွေး လုပ်ငန်းဆောင်ရွက်နိုင်ကြောင်း၊ သင်္ဘောများသွားလာမှုနှင့် ကမ်းလွန်ရေနံတူးစင်များကို လေ့လာစောင့်ကြည့်ရာတွင်လည်းကောင်း၊ ရေနံယိုဖိတ်မှု၊ ပင်လယ်ပြင်ရေခဲမှု၊ သမုဒ္ဒရာရေလှိုင်းများ ဖွဲ့စည်းဖြစ်ပေါ်မှု၊ ရေမျက်နှာပြင်အထက် လေပြင်းတိုက်ခတ်မှု စသည့် အခြေအနေများကို လေ့လာစောင့်ကြည့်ရာတွင်လည်းကောင်း ဂြိုဟ်တုများ အသုံးဝင်ကြောင်း အဆိုပါဌာန၏ ဒုတိယညွှန်ကြားရေးမှူး လင်းမင်ဆန်က ပြောကြားသည်။ **ဆင်ဟွာ။**

## အီရတ်၌ လေကြောင်းမှ တိုက်ခိုက်ရန် ကနေဒါ ပါလီမန်ခွင့်ပြု

**တိုရန်တို အောက်တိုဘာ ၈**

အမေရိကန် ပြည်ထောင်စုက မေတ္တာရပ်ခံခဲ့သည့်အတွက် အီရတ်နိုင်ငံအတွင်းရှိ အစ္စလာမ္မစ်နိုင်ငံ စစ်သွေးကြွအုပ်စုများကို လေကြောင်းမှ တိုက်ခိုက်ရန် ခွင့်ပြုခြင်းအား ကနေဒါ ပါလီမန်က အင်္ဂါနေ့တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

ဝန်ကြီးချုပ် စတီဖင်ဟာပါ၏ ကွန်ဆာဗေးတစ်ပါတီက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် အဆိုပြုခဲ့ပြီး ယခုသီတင်းပတ်တွင် ဆွေးနွေးခြင်းဖြစ်သည်။ ပါလီမန်တွင် ဟာပါ၏ ပါတီက အမတ်ဦးရေ အများစုဖြစ်၍ အနိုင်ရရှိရန် သေချာခဲ့သည်။ ၎င်းအဆိုပြုချက်ကို ၁၅၇ မဲ-၁၃၄မဲဖြင့်အတည်ပြုခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် ခြောက်လကြာမြင့်သည်အထိ လေကြောင်းမှ တိုက်ခိုက်ရန် ခွင့်ပြုပေးခဲ့ပြီး စစ်ဆင်ရေးတွင် မြေပြင်တပ်ဖွဲ့များကို အသုံးမပြုရန် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။

တိုက်ခိုက်ရေးအဖွဲ့တွင် စီအက်ဖ်-၁၈ ဂျက်တိုက်လေယာဉ် ၁၈ စင်း၊ ဝေဟင် ဆီဖြည့်လေယာဉ်တစ်စင်း၊ ထောက်လှမ်းရေးလေယာဉ်နှစ်စင်းနှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းတို့အပြင် လေယာဉ်အမှုထမ်း အမျိုးသား၊ အမျိုးသမီး ၆၀၀ ခန့်တို့ပါဝင်မည်ဖြစ်သည်။ **အေပီ။**





အိန္ဒိယ-ပါကစ္စတန်နိုင်ငံတကာနယ်စပ်ဒေသ၌ အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့၏ ကင်းစခန်းတစ်ခုကို တွေ့ရစဉ်။

## ဗီယက်နမ်ရေနံတင်သင်္ဘောတစ်စင်း ပင်လယ်ဓားပြတိုက်ခံရဖွယ်ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၈**

ဗီယက်နမ် ရေနံတင်သင်္ဘောတစ်စင်းသည် အဆက်အသွယ် ပြတ်တောက်နေပြီး ပင်လယ်ဓားပြတိုက်ခံရသည်ဟု ယူဆရကြောင်း နိုင်ငံတကာ ပင်လယ်ရေကြောင်းဗျူရိုတာဝန်ရှိသူများက ပြောကြားကြသည်။

ဆန်းရိုက်စ် ၆၈၉ အမည်ရှိ ရေနံတင်သင်္ဘောသည် လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်ခန့်က စင်ကာပူပင်လယ်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီးနောက် ပြန်ပေးဆွဲခံရသည်ဟု ယူဆရကြောင်း၊ အကယ်၍ ပြန်ပေးဆွဲခံရသည်ဟု အတည်ပြုနိုင်ပါက အရှေ့တောင်အာရှဒေသ၌ ဧပြီလ နောက်ပိုင်း ၁၂ ကြိမ်မြောက် ပင်လယ်ဓားပြတိုက်ခံရမှုဖြစ်ကြောင်း နိုင်ငံတကာ ပင်လယ်ရေကြောင်းဗျူရိုက ပြောကြားသည်။

### ပျောက်ဆုံးနေ

အဆိုပါရေနံတင်သင်္ဘောပေါ်၌ ရေယာဉ်ဝန်ထမ်း ၁၈ ဦး ပါရှိပြီး ဗီယက်နမ်နိုင်ငံသို့ ဦးတည်ကာ အောက်တိုဘာ ၂ ရက်တွင် စင်ကာပူဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီးနောက် ပျောက်ဆုံး နေခြင်းဖြစ်သည်။ **ရိုက်တာ။**



မလေးရှားရဲတပ်ဖွဲ့ အထူးတပ်ဖွဲ့ဝင်များ ပင်လယ်ဓားပြတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှု မှတ်တမ်းပုံ။

## အမေရိကန် လေဆိပ်များ၌ အီဘိုလာ ပိုးရပ်ကာကွယ်ရေး အစီအမံသစ်များချမှတ်

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်ပြည်ထောင်စု အတွင်း အီဘိုလာဗိုင်းရပ်ရောဂါ ကူးစက်ပြန့်ပွားနိုင်မှုအတွက် ပြည်သူများ၏ စိုးရိမ်ပူပန်မှုကို ဖြေလျှော့နိုင်စေရန် နိုင်ငံတွင်းရှိ လေဆိပ်များ၌ ကျန်းမာရေးဆိုင်ရာ အစီအမံသစ်များကို လာမည့် ရက်ပိုင်းအတွင်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဌာနက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

အမေရိကန် လေဆိပ်များသို့ ဆိုက်ရောက်လာသူများအား ကျန်းမာရေးအရ စစ်ဆေးမှုကို လုပ်ထုံးလုပ်နည်းသစ်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဌာန၏ ညွှန်ကြားရေးမှူး သောမတ်စ် ဖရီဒင်က ပြောကြားသည်။

### ချမှတ်ဆောင်ရွက်

အမေရိကန်ပြည်ထောင်စု၌ အီဘိုလာရောဂါ ကူးစက်ပျံ့နှံ့နိုင်မှုမှာ အလွန်နည်းပါးဖွယ်ရှိသော်လည်း ကျန်းမာရေးဆိုင်ရာ အစီအမံသစ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ဘာရက်အိုဘားမားက ပြောကြားခဲ့သည်။

အနောက်အာဖရိကဒေသ၌ အီဘိုလာရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် လူပေါင်း ၃၄၀၀ ကျော် သေဆုံးခဲ့ရသည်။ **ပီတီအိုင်။**

## အိန္ဒိယနှင့်ပါကစ္စတန်နယ်စပ် ပစ်ခတ်မှု နှစ်ဦးသေဆုံးဟုဆို

**နယူးဒေလီ အောက်တိုဘာ ၈**

အိန္ဒိယနှင့်ပါကစ္စတန်တပ်ဖွဲ့များသည် ကက်ရှ်မီးယားဒေသရှိ အငြင်းပွားလျက်ရှိသော နယ်စပ်တွင် အပြင်းအထန် အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း၊ အနည်းဆုံးအရပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်လာကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

လက်နက်ငယ်များ၊ မော်တာများဖြင့် အပြန်အလှန်ပစ်ခတ်ကြရာ အင်္ဂါနေ့ညတွင် အိန္ဒိယဘက်၌ အရပ်သား ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိ ကေရာဂျန်ဒရာက ပြောသည်။

ယခုအချိန်တွင် အရေးကြီးသော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ယင်းဒေသ၏ အိန္ဒိယအုပ်ချုပ်ရေးမှူးဖြစ်သူ ရှန့်မာနူးက ပြောသည်။ နယ်စပ်နှင့် နီးကပ်စွာနေထိုင်ကြသည့် လူများမှာ စိုးရိမ်ထိတ်လန့်လျက်ရှိကြသည်ဟုဆိုသည်။

အခြေအနေ အဆိုးရွားဆုံးဖြစ်သည့် စန်ဘာဒေသမှ ရွာသူရွာသား ၅၀၀၀ နီးပါးကို အာဏာပိုင်များက အစိုးရအဆောက်အအုံများသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ရကြောင်း ရာဂျန်ဒရာက ပြောကြားသည်။

လွန်ခဲ့သည့် သုံးရက်တာကာလအတွင်း အိန္ဒိယတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အရပ်သားခုနစ်ဦးသေဆုံးခဲ့ရကြောင်း နိုင်ငံပိုင်ပါကစ္စတန်ရုပ်မြင်သံကြားလိုင်းက ကြေညာခဲ့သော်လည်း နောက်ဆုံးဖြစ်ပွားခဲ့သော ပစ်ခတ်မှုကြောင့် ပါကစ္စတန်ဘက်မှ အပျက်အစီးအဆုံးအရှုံးသတင်းကို ချက်ချင်းမရရှိသေးပေ။

အင်္ဂါနေ့ညတွင် အပြန်အလှန် ပစ်ခတ်မှုများဖြစ်ခဲ့ကြောင်း ပါကစ္စတန်လုံခြုံရေးအရာရှိများက အတည်ပြုသည်။

**အေပီ။**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာရှိ အမှတ် (၁၀၄) အခြေခံပညာ မူလတန်းကျောင်း၌ ကူသပိတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှ ကျေးရွာအထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ အသေးစားလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ် မတည်ငွေ ကျပ်သိန်း ၃၀၀ ဖြင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် စိုက်ပျိုးမွေးမြူရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် အရင်းမပျောက် လည်ပတ် မတည်ငွေများ ထူထောင်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကူသပိတ်၊ ကြက်သွန်ခင်း၊ ရွှေအုန်းပင်၊ သာစည်၊ ခရမ်းကိုင်း၊ ညောင်ကုန်း၊ မန်ကျည်းကုန်း၊ ဆင်ဆိပ်၊ ညိုပင်၊ ကြို့ကုန်း၊ ကန်သာ၊ သပြေပင်၊ တောင်သာ၊ ရွာသစ်ကြီး၊ ခေတ်အေး၊ ညောင်မုတ်ဆိပ်နှင့် ငွေတောင်ကျေးရွာများ၏ လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ အထောက်အကူပြုပစ္စည်းလိုအပ်ချက်များ၊ ဆင်ဆိပ်-ခရမ်းကိုင်း၊ သရက်ခုံ-ညောင်ကုန်းနှင့် ကူသပိတ်-တဲကုန်း ကျေးရွာချင်းဆက် လမ်းများ ဖောက်လုပ်နိုင်ရေး၊ ကန်သာရွာ အဝင်လမ်း ကွင်းဆင်းတိုင်းတာဖောက်လုပ်သွားနိုင်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်း ဆောင်ရွက်သွားနိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးကာ အသားတိုးဘဲမျိုးများ ဖြန့်ဖြူးပေးအပ်ပြီး သက်ကြီးဘိုးဘွားများအား အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာ၌ ဖြူတ်ခွဲ၊ ပုစွန်ဆိပ်၊ ဝဲကြီး၊ ဥယျာဉ်၊ လယ်သာနှင့် ညောင်လူးကျေးရွာအုပ်စုများမှ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာပြည်သူလူထုများနှင့် တွေ့ဆုံကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာများ၏ လတ်တလော အဓိကလိုအပ်ချက်များအား ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက် လည်ပတ်မတည်ငွေများ ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးလက်လူငယ်များဖွဲ့စည်းပြီး ကျေးရွာဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် မိမိရပ်ရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ အထောက်အကူပြုပစ္စည်း လိုအပ်ချက်များ၊ ဖြူတ်ခွဲကျေးရွာအုပ်စု ညောင်ကုန်း၊ စက်ကုန်း၊ ဖထဲကုန်းနှင့် အင်ကြင်းစု ကျေးရွာများအတွက် သောက်သုံးရေရရှိရေး၊ ပုစွန်ဆိပ်၊ လယ်သာ၊ ညောင်လူး ကျေးရွာအုပ်စုများ လျှပ်စစ်မီးရရှိရေးအတွက် မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရေး၊ လျှပ်စစ်မီးမရရှိမီ ဆိုလာစနစ်ဖြင့် မီးရရှိရေး၊ ဖြူတ်ခွဲကျေးရွာနှင့် ဥယျာဉ်ကျေးရွာအုပ်စု ဆင်နဲ့ကြီးကျေးရွာအဝင်လမ်း ရေတိုက်စား ပျက်စီးနေမှုအား ကွင်းဆင်းတိုင်းတာပြုပြင်ဆောင်ရွက်သွားနိုင်ရေး၊ ဝဲကြီးကျေးရွာအုပ်စု ဆင်သေချောင်းကူးတံတား နှစ်စဉ်ရေကြီးကျိုးပျက်နေမှုအား ကွင်းဆင်းတိုင်းတာ ဆောင်ရွက်သွားနိုင်ရေး၊ လယ်သာကျေးရွာအုပ်စု ဂုံမင်းဝင်ရွာကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး၊ လယ်သာကျေးရွာ ငါးမွေးမြူရေးကန် ပြန်လည်ပြုပြင် မွေးမြူနိုင်ရေး လုပ်ငန်းများအား ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး သက်ကြီးဘိုးဘွားများအား အဝတ်အစားများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျာမန်နှင့် အမေရိကန်သိပ္ပံပညာရှင်နှစ်ဦး ၂၀၁၄ ခုနှစ်အတွက် ဓာတုဗေဒနိုဘယ်လ်ဆုရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၈**

အမေရိကန်သိပ္ပံပညာရှင် အီရစ်ဘတ်ဇစ်၊ ဝီလျံမိုနာနှင့် ဂျာမန်သိပ္ပံပညာရှင် စတီဖန်ဟဲလ်တို့ သုံးဦးသည် ယခင်ရှိပြီးဖြစ်သည့် အဏုကြည့်ကိရိယာကို ပိုမိုအသေးစိတ်မြင်နိုင်အောင် ဖန်တီးတီထွင်နိုင်ခဲ့သောကြောင့် ၂၀၁၄ ခုနှစ်အတွက် ဓာတုဗေဒနိုဘယ်လ်ဆုကို အောက်တိုဘာ ၈ ရက်တွင် ပူးတွဲဆွတ်ခူးရရှိခဲ့ကြသည်။

၎င်းတို့သုံးဦးသည် ယခင်ရှိပြီးသား သမားရိုးကျ အဏုကြည့်ကိရိယာထက် ပုံရိပ်ကို ပိုမိုပြတ်သားစွာ ကြည့်ရှုနိုင်သည့် အဏုကြည့်ကိရိယာကို တီထွင်ဖန်တီးနိုင်သည့်အတွက် ဓာတုဗေဒနိုဘယ်လ်ဆုကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဆွီဒင်တော်ဝင်အကယ်ဒမီက ပြောကြားသည်။

အသက်(၅၄)နှစ်ရှိ အီရစ်ဘတ်ဇစ်သည် အက်ရှ်ဘမ်မြို့ရှိ ဟောင်းဝပ်ဟူဂက်စ်ဆေးတက္ကသိုလ်တွင် အလုပ်လုပ်နေသူဖြစ်သည်။ အသက်(၆၁)နှစ်ရှိ ဝီလျံမိုနာသည် ကာလီဖိုးနီးယားပြည်နယ်ရှိ စတမ်းဖို့ဒ် တက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။ အသက်(၅၁) နှစ်ရှိ ဂျာမန်သိပ္ပံပညာရှင် စတီဖန်ဟဲလ်သည် ဂေါ့တင်ဂျန်မြို့ရှိ မက်စ် ပလန့်ခ် အင်စတီကျူ၏ ဇီဝရူပဗေဒဆိုင်ရာ ဓာတုဗေဒဒါရိုက်တာတစ်ဦးဖြစ်သည်။

ကာလကြာရှည်စွာအသုံးပြုလာခဲ့သည့် သမားရိုးကျ အဏုကြည့်ကိရိယာများသည် အလင်း၏ လှိုင်းအလျားအကန့်အသတ်ဖြင့်သာ အသုံးပြုခဲ့ရသည်။ သိပ္ပံပညာရှင်များက သုည ဒသမ ၂ မိုက္ကရိုမီတာထက် ပုံရိပ်ပြတ်သားမှုရှိသည့် အဏုကြည့်ကိရိယာပေါ်ထွက်လာမည်မဟုတ်ဟု ယူဆခဲ့ကြသည်။ သို့သော် အလင်းတန်းမော်လီကျူးများ၏ အကူအညီကြောင့် သိပ္ပံပညာရှင် သုံးဦးတို့သည် အလင်း၏ အကန့်အသတ်ကို ကျော်လွှားနိုင်ခဲ့ပြီး သမားရိုးကျ အဏုကြည့်ကိရိယာမှ အသွင်သစ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ အသွင်သစ်အဏုကြည့်ကိရိယာသည် ရောဂါပိုးနှင့် ဆက်နွှယ်နေသည့် အသားဓာတ်များ၏ စုစည်းမှုအပါအဝင် ဆဲလ်များအတွင်းပိုင်းရှိ မော်လီကျူးများ၏ အပြန်အလှန်တုံ့ပြန်ပုံများကိုပါ ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း ဆွီဒင်တော်ဝင်အကယ်ဒမီက ပြောကြားသည်။

၂၀၁၄ ခုနှစ်အတွက် ရူပဗေဒဆိုင်ရာနိုဘယ်လ်ဆုကို အပြာရောင်အလင်းထွက် LED အလင်းထုတ်ပစ္စည်းကို တီထွင်ခဲ့သူ ဂျပန်သိပ္ပံပညာရှင်သုံးဦးက ပူးတွဲရရှိသွားခဲ့သည်။ ၎င်းတို့မှာ ဂျပန်နိုင်ငံ နာဂိုရာတက္ကသိုလ်မှ အီဆာမူအကာဆာကီနှင့် ဟီရိုရှိ အမာနိုတို့ဖြစ်ကြပြီး နောက်တစ်ဦးမှာ ကာလီဖိုးနီးယား တက္ကသိုလ်မှ ဂျပန်-အမေရိကန်ကပြား ရှူဂျီ နာကာမူရာတို့ဖြစ်ကြသည်။ ပါမောက္ခ အီဆာမူ အကာဆာကီ၊ ဟီရိုရှိ အမာနိုနှင့် ရှူဂျီ နာကာမူရာတို့သည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် အပြာရောင် အလင်းထွက် ပထမဆုံး LED ကို တီထွင်ခဲ့ကြခြင်းဖြစ်သည်။

**(အောဝမ်းစိုး)**



စတီဖန်ဟဲလ်



ဝီလျံမိုနာ



အီရစ်ဘတ်ဇစ်

NEW MOTION Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျားသစ်လွင် ခရီးစဉ်
★ တောင်ကြီး(မီးပုံးပျံ) ခရီးစဉ် ~ Nov; 4
★ မန္တလေး - ပြင်ဦးလွင်(မီးပုံးပျံ) ခရီးစဉ် ~ Nov; 4
★ ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ် ~ Nov; 5
★ ငွေဆောင် ခရီးစဉ် ~ Nov; 14
အလောင်းတော်ကဿပ
ရွှေစက်တော် / မော်လမြိုင်
ရွှေလီ / မိုးကုတ်
ချောင်းသာ / ငပလီ
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
Ph ; 09 4925 2911 , 09 4925 2922 ,
09 731 48922 , 527 922 , 538 811 .

UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky/Cruise Dinner, Tiger Zoo, Nong Noach Garden, Alcaza Show, Ayutthaya ] Oct: 4,11,18,25 / Nov: 1,8,15,22,29 (300,000)
ကူမင်း၊သလီ၊လီကျန်း၊ရှန်ဂရီလာ (6)D Oct: 4,18 / Nov: 1,15,29 / Dec: 13,27 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂယာ
သြစတြေးလျ စင်္ကာပူ+မလေး ဂျပန် ဟောင်ကောင် ဖူးခက်/ဘာလီ
အမေရိကား ဗီယက်နမ်+ကမ္ဘောဒီးယား ဒူဘိုင်း မော်လဒိုက် တောင်အာဖရိက
No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966, 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

မြန်မာပြည်တွင် ပထမဆုံး တင်သွင်းသော Since 1996
Home Distribution Group
ISO-9001:2008 Cert.No. 683916





100% ရေစိမ်ခံ ကြမ်းခင်းများ။
Ready Made Floor (ပါကေးအစားထိုး ကြမ်းခင်းများ)။
GRADE A, B, C , D အစစ်များသာရောင်းပါသည်။
ဈေးနှုန်း အနိမ့်ဆုံး ↔ အမြင့်ဆုံး ထိရှိပါသည်။
Grade နှင့် Quality စစ်မှန်မှုကို 'အခမဲ့' စက်ဖြင့် လက်တွေ့ စစ်ဆေးပေးပါသည်။
★★★ Hotel , Condo, Project ,... စသည်တို့အတွက် လက်ကား ဝယ်ယူလိုသူများနှင့် တစ်ဆင့် ပြန်လည်ရောင်းချလိုသူများ အတွက် အထူးဈေးနှုန်း ......ဖြင့် ဆိုက်ရိုက်ရောင်းချပေးနေပါသည်။
Home အတုအပ သတိထားနော်
No. F 2-6၊ ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊(ဖ.ဆ.ပ.လ ရှေ့) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Yangon - 09 730 84840, 09 73084841 Naypyitaw - 09 730 84844, 09 492 05733

တရုတ်ပြည် သို့ ရင်ခုန် ပျော်ရွှင်ဖွယ် SHWE MYANMAR
• ပီကင်း၊ ...... ဆီအန်း၊ › (၇)ရက်
• ပီကင်း၊ ...... ထျန်းကျင်း၊ › (၈)ရက်
• ပီကင်း၊ ...... ဟွာဒုန်း (၅)မြို့ › (၁၀)ရက်
• ချန်ဒူး၊ ...... ကျိုကျိုက်ကုန်း၊ › (၇)ရက်
• ချန်ဒူး၊ ...... ယန်စီမြစ်ဝှမ်း၊ › (၇)ရက်
• ကူမင်း၊ ...... တာ့လီ ...... လီကျန်း၊ › (၇)ရက်
ဟောင်ကောင် ခရီးစဉ်များ
• ရှန်းကျန့် ...... မကာအို › (၆)ရက်
• မကာအို › (၅)ရက်
• သီးသန့်(၄) ရက်
(အပတ်စဉ် ထွက်ပြီ)
အမြန်ဆုံး စာရင်း ပေးသွင်း နိုင်ပါပြီ
အောက်ပါ ခရီးသွား ကုမ္ပဏီများ ထံတွင်ဝယ်ယူရရှိနိုင်ပါသည်။
• HUB ZONE T & T - 09 450024868 ,5407637 , 5158678
• GREEN HOLIDAY T & T - 01546668 , 0973147688 ,5200747
• FRIENDS OF NATURE T & T - 012306177 ,095048059
• DAWN KNIGHT T & T - 01372097 , 0973051621
• COS TOUR - 01 525280 , 532440 , 2305824 - 5
• FIREFLY T & T - 01 391019,376168 , 09 5026486
• PRO ASIA T & T - 09 421179583 ,400426362
• YANG SISTERS T & T - 01215906 ,09425327767
• NANO T & T - 095043174 ,73006382
• PAN THU KHA T & T - 01 2304567 , 09 5095586

# လူမှုဆက်ဆံရေးအတွက် အရေးပါသော စကားပြောဆိုမှု

## မိမိုးအေး(ဘားအံတက္ကသိုလ်)

လူတိုင်းလူတိုင်းသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်သဘောထားတို့တွင် ယဉ်ကျေးသိမ်မွေ့နူးညံ့ရန် လိုအပ်ပါသည်။ ထိုသို့ဖြစ်ပါမှ မိမိ၏ အလိုဆန္ဒတို့ ပြီးမြောက်နိုင်မည်ဖြစ်ပေသည်။ ကိုယ်နှုတ်စိတ်သုံးပါးထဲတွင် နှုတ်အမူအရာ ယဉ်ကျေးခြင်းသည်လည်း အောင်မြင်မှုအတွက် အရေးပါသော အချက်တစ်ခုဖြစ်ပေသည်။ ကြမ်းတမ်းစွာ ပြောဆိုသူကို မည်သူမျှ မနှစ်သက်တတ်ကြပေ။ ချစ်ဖွယ်ချိုသာစွာ ပြောဆိုသူကိုသာလျှင် နှစ်သက်တတ်ကြပေသည်။

လူသားတိုင်းသည် ပိယဝါစာ -ချစ်ဖွယ်သော စကားကိုသာပြောဆိုသင့်သည်။ ပိယဝါစာသည် တစ်ဦးနှင့်တစ်ဦးအကြား ဆက်ဆံရာ၌အလွန်အရေးပါသော အချက်ဖြစ်သည်။ ချိုသာစွာပြောဆိုဆက်ဆံကြမှသာ တစ်ဦးနှင့်တစ်ဦး အဆင်ပြေကြမည်ဖြစ်သည်။

ချိုသာသောစကားကို လူတို့သာမက တိရစ္ဆာန်တို့ပင် နှစ်သက်ကြကြောင်း မြတ်စွာဘုရားရှင်က နန္ဒိဝိသာလဇာတ်တော်တွင် ဟောကြားတော်မူခဲ့ပါသည်။ ထိုဇာတ်တော်တွင် စကားပြောဆိုရာ၌ ယဉ်ကျေးစွာ ပြောဆိုသင့်ကြောင်း လမ်းညွှန်ထားပါသည်။ ဘုရားလောင်း နန္ဒိဝိသာလနွားဘဝဖြစ်စဉ်အခါက အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။ ဘုရားရှင်သည် ကြမ်းတမ်းစွာပြောဆို၍ ခိုက်ရန်ဖြစ်ပွားတတ်သည့် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဤဇာတ်တော်ကို ဟောကြားတော်မူခြင်းဖြစ်သည်။

ကြမ်းတမ်းစွာဆဲဆိုပြီး ခိုက်ရန်ဖြစ်ပွားကြသော ဆဗ္ဗဂ္ဂီရဟန်းတို့ကို ဘုရားရှင်သည် ခေါ်ယူပြီး ကြမ်းတမ်းသောစကားကို လူတို့မဆိုထားနှင့်၊ တိရစ္ဆာန်များပင် မနှစ်သက်ကြကြောင်း အတိတ်ကိုဆောင်၍ နန္ဒိဝိသာလဇာတ်တော်ကို ဟောကြားတော်မူပါသည်။

ဇာတ်တော်အကျဉ်းမှာ တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်းလက်ထက်တွင် ဘုရားလောင်းသည် နွားမျိုး၌ဖြစ်၏။ ဘုရားလောင်း၏သခင်သည် ဘုရားလောင်းနွားကိုပုဏ္ဏားတစ်ဦးအား ပေးလှူခဲ့၏။ ပုဏ္ဏားကြီးသည်နွားငယ်ကို နန္ဒိဝိသာလဟု အမည်ပေးကာ သားရင်းသဖွယ်ကျွေးမွေးစောင့်ရှောက်လေရာ အရွယ်ရောက်သောအခါ ခွန်အားဗလနှင့်ပြည့်စုံ၏။ နန္ဒိဝိသာလသည် ပုဏ္ဏားကြီးကိုကျေးဇူးဆပ်လိုသောကြောင့် ပုဏ္ဏားကြီးအား ဂေါဝိတ္တကသူဌေးထံသို့ သွားရောက်၍ လှည်းအစီးတစ်ရာကို ရုန်းနိုင်သည့် နွားရှိကြောင်း အသပြာတစ်ထောင်ဖြင့် အလောင်းအစားပြုစေသည်။ ပုဏ္ဏားကြီးသည်လည်း သူဌေးထံသွားရောက်၍ ဘုရားလောင်းမှာသည့်အတိုင်း ပြောဆိုပြီး အလောင်းအစားပြုလေသည်။

လှည်းကိုဆွဲမည့်နေ့တွင် ပုဏ္ဏားကြီးသည် လှည်းအစီးတစ်ရာ၌ သဲကျောက်စရစ်တို့ကို တင်ဆောင်ပြီး လှည်းဦး၌ ထိုင်ကာ နန္ဒိဝိသာလအား ကြမ်းတမ်းစွာ ကြိမ်းမောင်းပြောဆို၍လှည်းကိုဆွဲစေသည်။ ထိုအခါ နန္ဒိဝိသာလသည် နေရာမှမရွေ့ဘဲ စုံရပ်နေလေသည်။ ပုဏ္ဏားကြီးသည်လည်း ရှုံးနိမ့်သဖြင့် ဂေါဝိတ္တကသူဌေးအား ငွေတစ်ထောင်ကို လျော်လိုက်ရ၏။

ငွေတစ်ထောင်ရှုံး၍ စိတ်မချမ်းသာဖြစ်နေသောပုဏ္ဏားကြီးကို နန္ဒိဝိသာလက မိမိသည် ဤအိမ်၌ နေစဉ်ကာလပတ်လုံး တစ်စုံတစ်ရာကိုမျှ ဖျက်ဆီးခဲ့ခြင်းမရှိကြောင်း၊ ထိုသို့ဖြစ်ပါလျက် ပုဏ္ဏားကြီးသည် မိမိအား ကြမ်းတမ်းစွာပြောဆိုခဲ့၏။ ယခုတစ်ဖန်ထပ်၍ ဂေါဝိတ္တကသူဌေးထံသွားပြီး ငွေနှစ်ထောင်ဖြင့်အလောင်းအစားပြုလုပ်ရန်နှင့် မိမိအားလည်း ကြမ်းတမ်းစွာ မပြောဆိုဘဲ ချိုသာစွာပြောဆိုရန် မှာကြားလေသည်။

ပုဏ္ဏားကြီးသည်လည်း ဒုတိယအကြိမ်အလောင်းအစားပြုလုပ်ပြီး နှုတ်မှလည်း ချိုသာစွာပြောဆို၍ လှည်းကိုဆွဲစေသည်။ နန္ဒိဝိသာလသည် လှည်းတန်းကြီးကို ဆွဲယူလျက် ရှေ့ဆုံးလှည်း ရှိခဲ့ရာနေရာသို့ နောက်ဆုံးလှည်းရောက်မှ ရပ်တန့်လိုက်လေသည်။ ပုဏ္ဏားကြီးလည်း ငွေနှစ်ထောင်ရရှိလေသည်။ ဤဇာတ်တော်အရ သတ္တဝါတိုင်းသည် နူးညံ့ချိုသာစွာပြောဆိုခြင်းကို နှစ်သက်ကြပြီး ကြမ်းတမ်းစွာပြောဆိုခြင်းကို မနှစ်သက်ကြကြောင်း တွေ့မြင်ရမည်ဖြစ်ပေသည်။ တိရစ္ဆာန်များပင် ထိုကဲ့သို့ကြမ်းတမ်းစွာ ပြောဆိုခြင်းကို မနှစ်သက်ကြလျှင် လူသားတို့သည်ကား ဆိုဖွယ်မရှိပေ။

မြတ်စွာဘုရားရှင်သည် အကျိုးပေးကြောင်းကုသိုလ်ကံ ၁၀ပါး ဖြစ်သည့် ကုသလ ကမ္မပထ ၁၀ပါးကို ဟောကြားတော်မူခဲ့ပါသည်။ ယင်းတွင်ကာယကံဖြင့် အကျိုးပေးကြောင်းသုံးပါး၊ ဝစီကံဖြင့် အကျိုးပေးကြောင်းလေးပါး၊ မနောကံဖြင့် အကျိုးပေးကြောင်း သုံးပါးတို့ဖြစ်ပါသည်။

ထိုအထဲမှ ဝစီကံဖြင့် အကျိုးပေးကြောင်း လေးပါးမှာ

၁။ မုသာဝါဒါ ဝေရမဏီ - မဟုတ်မမှန်သောစကားကို လိမ်လည်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊
၂။ ပိသုဏဝါစာ ဝေရမဏီ- ချစ်ခင်သူနှစ်ဦးတို့စိတ်ဝမ်းကွဲပြားအောင် ကုန်းတိုက်ပြောဆိုမှုမှရှောင်ကြဉ်ခြင်း၊
၃။ ဖရုသဝါစာ ဝေရမဏီ-ကြမ်းတမ်းယုတ်မာသော စကားကိုပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊
၄။ သမ္ဖပ္ပလာပ ဝါစာ ဝေရမဏီ- အပေါ့အဖျင်း အနှစ်ကင်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်ပါသည်။

ကြမ်းတမ်းယုတ်မာသော စကားကိုပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းသည် ကောင်းမှုအကျိုးပေးကြောင်း တစ်ခုဖြစ်ပါသည်။ လူသားတိုင်းသည် မိမိတို့အသက် မွေးဝမ်းကျောင်းအတွက် ကျင်လည်နေရသည့် ပတ်ဝန်းကျင်၌ တစ်ပါးသူတို့နှင့်ဆက်ဆံပြောဆိုရာတွင် ယဉ်ကျေးစွာပြောဆိုရပါမည်။

ယဉ်ကျေးစွာပြောဆိုခြင်းသည် ခက်ခဲသည့်အလုပ်တစ်ခုမဟုတ်ပါ။ မိမိကိုယ်တိုင် လေ့ကျင့်ပျိုးထောင်ယူရန်သာလိုအပ်ပါသည်။

မြတ်ဗုဒ္ဓသည်စကားပြောဆိုခြင်းနှင့်ပတ်သက်၍ မင်္ဂလသုတ်တွင်လည်း ထည့်သွင်းဟောကြားခဲ့ပါသည်။ မင်္ဂလာတရား ၃၈ ပါးတွင် စကားကိုကောင်းစွာပြောဆိုခြင်း (သုဘာသိတ)လည်း ပါဝင်ပါသည်။

ဤနေရာ၌ ကောင်းသော စကားဟူသည်-

၁။ ကွဲပြားနေသူများ ညီညွတ်အောင်၊ ညီညွတ်နေသူများ ပိုမိုစည်းရုံးအောင် ပြောဆိုသောစကား၊
၂။ အများအကျိုးရှိအောင် လမ်းညွှန်ဟောကြားသောစကား(စကားပြောကောင်းခြင်း)၊
၃။ နားဝင်ချိုအောင်ပြောသောစကား၊
၄။ ဟုတ်မှန်ပြီးအကျိုးရှိသောစကား၊
၅။ အပြောနှင့်အလုပ်ညီညွတ်သောစကားတို့ ဖြစ်ပါသည်။

ထို့အပြင် မိမိတို့ပြောဆိုသည့်စကားသည် အင်္ဂါလေးတန်နှင့်ညီညွတ်၍ ကောင်းမွန်ရမည်ဟူ၍ စကားအရာအင်္ဂါ ၄-တန်ကို သုဘာသိတသုတ်၌ မြတ်စွာဘုရားရှင်က အောက်ပါအတိုင်း ဟောကြားတော်မူထားပါသေးသည်။

(၁) သုဘာသိတ - ကောင်းစွာပြောဆိုရခြင်း၊
(၂) ပိယဝါစာ-ချစ်ဖွယ်နှစ်သက်ဖွယ်ရှိရခြင်း၊
(၃) သစ္စာ - မှန်ကန်ဖြောင့်မတ်တည်ကြည်ရခြင်း၊
(၄) ဓမ္မ-သဘာဝကျ၍ လိုက်နာဖွယ်ရှိရခြင်း။

နားဝင်ချိုအောင်ပြောသောစကားသည် ယဉ်ကျေးချိုသာစွာပြောဆိုခြင်းပင်ဖြစ်သည်။ နှုတ်ချိုသျှိုတစ်ပါးဟူသော မြန်မာစကားပုံအရ ချစ်ဖွယ်ချိုသာစွာ ပြောဆိုခြင်းသည် အရေးကိစ္စများကိုအောင်မြင်ပြီးမြောက်စေပါသည်။ မိမိ၏ ချိုသာသောစကားတစ်ခွန်းဖြင့် ရန်သူကိုပင်မိတ်ဆွေပြုလုပ်နိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေဟူသောစကားရှိပေသေးသည်။ မည်သည့်အကြောင်းအရာမျိုးကိုမဆို အစအဆုံး ကုန်စင်အောင်မသိသေးသမျှ နှုတ်ထွက်မဆိုးကြရန်၊ နှုတ်ထွက်ဆိုးမှုကြောင့် သေကျေပျက်စီးသည်အထိဖြစ်နိုင်ကြောင်း ဆိုထားခြင်းဖြစ်ပေသည်။

စကားပြောဆိုမှုသည် အနုပညာတစ်ရပ်ဖြစ်သည်ဟုဆိုနိုင်ပြီး လူ့ဘဝတွင် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ကြမ်းတမ်းခက်ထန်သောစကားသည် ဓားလှံလက်နက်တို့ထက်ပိုပြီး နက်နက်ရှိုင်းရှိုင်း ထိခိုက်စေပါသည်။ သိမ်မွေ့သောစကားမှာမူ လူတို့၏ အထူးသဖြင့် ကြမ်းတမ်းခေါင်းမာသောလူတို့၏ စိတ်ထားကိုပင် ပြောင်းလဲစေနိုင်ပါသည်။ လူမှုပေါင်းသင်းဆက်ဆံရေးတွင်လည်း စကားပြောတတ်ခြင်းသည် လူတစ်ယောက်၏ အရည်အချင်းတစ်ခုပင်ဖြစ်ပါသည်။ နှုတ်မှုရေးရာ ကျွမ်းကျင်လိမ္မာသူသည် အရေးအရာအားလုံးကို အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ယနေ့ခေတ်ကြီးတွင် လူတို့သည် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားကြရပါသည်။ ထိုသို့ရုန်းကန်ကြရာတွင် မိမိတို့လုပ်ကိုင်ရသောလုပ်ငန်း သဘာဝအလျောက် စိတ်ခံစားမှုများ ရှိကြပါသည်။ တစ်ခါတစ်ရံမိမိ၏ စိတ်ခံစားမှုအလိုက်ပြောဆိုမိကြပေမည်။ မိမိစိတ်အလိုမကျမှုကြောင့် ထွက်ပေါ်လာသောစကားဖြစ်သည့်အတွက် ယဉ်ကျေးမှုမရှိကြသည်က များပါသည်။ ထို့အတွက် မိမိနှင့်မိမိ၏ ပတ်ဝန်းကျင်တွင်ပါ အဆင်မပြေမှုများနှင့် ကြုံတွေ့လာနိုင်ပါသည်။

စကားပြောဆိုရာ၌ ယဉ်ကျေးလိမ္မာခြင်းသည် စည်းရုံးရေးစွမ်းအင်တစ်ရပ်လည်း ဖြစ်ပါသည်။ ယဉ်ကျေးစွာ ပြောဆိုခြင်းသည် လူတိုင်းအတွက်လိုအပ်ပါသည်။ မည်သည့်နေရာတွင်မဆို ယဉ်ကျေးစွာပြောဆိုတတ်မှုကြောင့် ဆက်ဆံရေးကို ကောင်းမွန်စေသည်။ ဥပမာအားဖြင့် ဈေးသည်ချင်းအတူတူ ချိုသာစွာပြောဆိုသောဈေးသည်ထံတွင်သာ ဝယ်ယူမည်ဖြစ်သည်။ ဝယ်သူမေးမြန်းသည်ကို မချေမငံဖြင့်ပြောဆိုသောသူထံတွင် မည်သူမျှ ဝယ်ယူချင်မည်မဟုတ်ပေ။ ဈေးသည်များသာမက ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ၊ ကုမ္ပဏီဝန်ထမ်း၊ အစိုးရဝန်ထမ်း၊ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ၊ ဆရာဝန်၊ ဆရာ၊ ရှေ့နေ၊ စက်ချုပ်သမား၊ ကုန်သည်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် စသည်ဖြင့် မည်သူမဆို ယဉ်ကျေးစွာပြောဆိုရန် အထူးလိုအပ်လှပါသည်။

ယနေ့ခေတ်ကြီး၌နေရာတော်တော်များများတွင် ယဉ်ကျေးမှုမရှိသော၊ ကြမ်းတမ်းသော ပြောဆိုမှုများနှင့် ဆက်ဆံခြင်းကို ခံနေကြရပါသည်။ အထူးသဖြင့် ခရီးသည်တင်ကားများ၊ ဘဏ်များ၊ ဆေးရုံများ၊ ဈေးဝယ်စင်တာများ၊ ရုံးဌာနများအချို့တွင် ပြေပြစ်မှုမရှိသော ပြောဆိုမှုများနှင့် ကြုံတွေ့နေရပါသည်။

ချစ်ခင်ဖွယ်စကား၊ ယဉ်ကျေးသောစကားကိုပြောဆိုပြီး ဆက်ဆံမှသာ လူတို့သည် အချင်းချင်းရေရှည်လက်တွဲနိုင်ကြမည်ဖြစ်သည်။ လူကြီးလူငယ် မည်သူမဆို ချိုသာစွာ ပြောဆိုသင့်ပါသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့်အလုပ်သမား၊ အထက်လူကြီးနှင့် လက်အောက်ငယ်သား အပြန်အလှန်လေးစားစွာ၊ ရိုသေစွာ၊ ယဉ်ကျေးစွာ ပြောဆိုဆက်ဆံကြရမည်ဖြစ်ပါသည်။ ကြမ်းတမ်းသောစကားဖြင့် ပြောဆိုခံရပါက ပြောဆိုသောပုဂ္ဂိုလ်က ပြောပြီးမေ့ပျောက်နိုင်သော်လည်း အပြောခံရသူမှာ မေ့ပျောက်နိုင်မည်မဟုတ်ပေ။

နေရာဒေသတစ်ခု၏ ခေါင်းဆောင်များသည်လည်း အပြောအဆိုလိမ္မာယဉ်ကျေးပြီး ကာလ၊ ဒေသ၊ အချိန်အခါနှင့် ကိုက်ညီစွာ စကားပြောတတ်ရန် အလွန်အရေးကြီးပေသည်။ ထိုခေါင်းဆောင်၏ အပြောအဆိုပေါ်မူတည်၍ လက်အောက်နောက်လိုက်ငယ်သားတို့က တာဝန်သိစိတ်တွင် စေတနာပါ ပေါင်းစပ်၍ လုပ်ငန်းကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ စကားပြောဆိုမှုနှင့် ပတ်သက်၍ အရေးကြီးသော အချက်တစ်ခုမှာ လူတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေးကို ထိုသူ၏ စကားပြောဆိုပုံ၊ စကားလုံးအသုံးအနှုန်းကို မူတည်၍ အကဲဖြတ်ကြခြင်းဖြစ်သည်။

အထူးသဖြင့် မိမိ၏ ကြမ်းတမ်းသောပြောဆိုမှု၊ မယဉ်ကျေးသောစကားလုံးအသုံးအနှုန်းများကို ပြောဆိုမိခြင်းကြောင့် မိမိကို အလေးအနက်မထားတတ်သူ၊ ပေါ့ဆစွာ ပြောဆိုတတ်သူ၊ ရိုင်းစိုင်းစွာ ပြောဆိုတတ်သူအဖြစ် သတ်မှတ်ကြပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုရပါသော် ချိုသာစွာပြောဆိုခြင်းသည် နေရာတိုင်းတွင် အရေးပါပါသည်။ နေ့စဉ်နေ့တိုင်း စကားပြောဆိုရာ၌ မှန်မှန်ကန်ကန်နှင့် ယဉ်ယဉ်ကျေးကျေးပြောဆိုကြခြင်းဖြင့် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် အရေးပါသည်ဖြစ်၍ကြမ်းတမ်းပြီး သူတစ်ပါးမနှစ်သက်သောစကား ပြောဆိုခြင်းကို ရှောင်ရှားပြီး ချစ်ဖွယ်သော ပိယဝါစာစကားကိုသာ ပြောဆိုကြရန် တိုက်တွန်းလိုပါသည်။

ချစ်ဖွယ်သောစကားကိုပြောဆိုကြခြင်းဖြင့် ဘေးရန်မရှိသည်ဖြစ်၍ လောကတစ်ခွင် အေးချမ်းသာယာနိုင်ပါစေ။ ။

EEC
European Education Center
European University Degrees
Taught by European Professional Lecturers

Executive MBA
▾ International Business Relations
▾ Management ( BA , HND )
▾ Diploma in Management Studies
▾ Diploma in Business English
▾ Certificate of Proficiency in English
October Intake
Special Discount ..
Valid Oct-20
SWPS UNIVERSITY OF SOCIAL SCIENCES AND HUMANITIES
www.eecmyanmar.com eecmyanmar 09250233662
Partner of The College of Saint Rose

# ကမ္ဘာ့နိုင်ငံအသီးသီးနှင့် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်နိုင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိ

**ရောမ အောက်တိုဘာ ၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အောက်တိုဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အီတလီနိုင်ငံ ရောမမြို့ လွှတ်တော်အဆောက်အအုံ Nuova Aula dei Gruppi ခန်းမ၌ ကျင်းပသည့် (၈)ကြိမ်မြောက် အာရှ-ဥရောပ ပါလီမန်ဆိုင်ရာ မိတ်ဖက်အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အီတလီအောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Ms.Laura BOLDRINI နှင့် အီတလီအထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Pietro GRASSO တို့က မိန့်ခွန်းပြောကြားသည်။

ဎင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် "ဥရောပ-အာရှအကြား အပြန်အလှန်ဆွေးနွေးမှု၊ ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပိုမိုခိုင်မာသည့် အုပ်ချုပ်ပုံစနစ်တို့အား အားပေးမြှင့်တင်နိုင်ရန်အတွက် ပါလီမန်လွှတ်တော်များ၏ အခန်းကဏ္ဍ" ဆိုင်ရာ အစည်းအဝေးအား ထောက်ခံသည့်မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နာယကက ပြောကြားရာတွင် ဤအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ပါလီမန်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်လာခြင်းမှာ မြန်မာနိုင်ငံ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ တိုးတက်မှုတစ်ရပ်ကို ဖော်ညွှန်းနေပါကြောင်း၊ အဆွေတော်တို့ သိရှိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကျင့်သုံးသည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ခြင်းသည် ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ချမှတ်နိုင်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးစနစ်များကို ရှင်းလင်းစွာ ဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံတွင် အာဏာရှင်အစိုးရဟု သတ်မှတ်ခံရသော အစိုးရမှ ပြည်သူက ရွေးချယ်တင်မြှောက်သော အစိုးရသို့ အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းနိုင်ခဲ့ခြင်းကို အခြားနိုင်ငံများက ပြောကြားကြောင်း သိရ၍ ဝမ်းမြောက်မိပါကြောင်း။

လွန်ခဲ့သော နှစ်ပေါင်း (၅၀)နှင့်စာလျှင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအခွင့်အရေးနှင့် အခွင့်အလမ်းများအရရှိဆုံးအချိန်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ တတိယအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အဆင့်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ကို သိရှိထားပါကြောင်း၊ မည်သည့်အခက်အခဲနှင့် စိန်ခေါ်မှုများကိုမဆို မိမိတို့အနေဖြင့် ပြည်သူနှင့် အစိုးရပူးပေါင်းပြီး အောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပြန်လည်ပေါင်းစည်းလာနိုင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံ အသီးသီးနှင့် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်နိုင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် တက်ကြွစွာ ပါဝင်ဆောင် ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား (၈)ကြိမ်မြောက် အာရှ-ဥရောပပါလီမန်ဆိုင်ရာ မိတ်ဖက်အစည်းအဝေးသို့ တက်ရောက်လာသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းပေါ်ပေါက်လာပါက စားသုံးသူ သန်း ၆၀၀ ခန့်အတွက် သွင်းကုန်တန်ဖိုး ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀၀ ပမာဏရှိတစ်ခုတည်းသော ဈေးကွက်ဖြစ်လာမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးကိုသာမက ဆွေးနွေးဖက်နိုင်ငံများနှင့် ဥရောပနိုင်ငံများ၏ စီးပွားရေးများကိုပါ အထောက်အကူပြုမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါကြောင်း။

လူသားများ၏ ဖြစ်တည်မှုသည် စားနပ်ရိက္ခာဖူလုံမှုအပေါ် အဓိကတည်မှီနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို ဆောင်ကြဉ်းပေးနိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ နိုင်ငံရေးခံယူချက်အရ စိုက်ပျိုးရေးဆိုင်ရာမူဝါဒများ၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးမူဝါဒများ ချမှတ်ကျင့်သုံးနေပြီး နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းဖြစ်သည့် ကျေးလက်နေပြည်သူများ၏ ဘဝအဆင့်အတန်းကို မြှင့်တင်ပေးလျက်ရှိပါကြောင်း။

ဤရောမမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာမလုံခြုံမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံကို ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်(၁)ဖြစ်သည့် စားနပ်ရိက္ခာမဖူလုံသော ပြည်သူတစ်ဝက် လျှော့ချရေးရည်မှန်းချက်နှင့် ကမ္ဘာ့စားနပ်ရိက္ခာထိပ်သီးညီလာခံ၏ စားနပ်ရိက္ခာမဖူလုံသော ပြည်သူတစ်ဝက် လုံးဝလျှော့ချရေးရည်မှန်းချက်များကို ပြည့်မီသည့်နိုင်ငံများစာရင်း၌ ဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံ လွှတ်တော်အနေဖြင့် နိုင်ငံ၏ ဒီမိုကရေစီအရေးတွင် ဥပဒေပြုရေး၊ စောင့်ကြည့်မှုနှင့် မဲဆန္ဒရှင်များထံသွားရောက်သည့်လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်၏ သက်တမ်းသုံးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် ကိုက်ညီမှုရှိသော ဥပဒေစုစုပေါင်း ၁၁၃ ခုကို ချမှတ်ပြဋ္ဌာန်းနိုင် ခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်းဥပဒေများတွင် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်စေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေးကော်မရှင်၊ သတင်းမီဒီယာလွတ်လပ်မှုစသည့်ဥပဒေများ၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးဆိုင်ရာဥပဒေများ ပါဝင်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလွယ်ကူအဆင်ပြေချောမွေ့စေရန်အလို့ငှာ ငွေကြေးနှင့်ဘဏ္ဍာရေး၊ ဗဟိုဘဏ်အာဏာပိုင်အဖွဲ့၊ ဘဏ်ချေးငွေများလည်ပတ်ရေး၊ လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများပါဝင်ပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ အကြမ်းဖက်မှုဆန့်ကျင်ရေး၊ ငွေကြေးခဝါချမှု စသည့်ဥပဒေများကိုလည်း ချမှတ်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျင်းပခဲ့ပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်အခြေခံဥပဒေပြင်ဆင်ခြင်း၊ မြန်မာနိုင်ငံနှင့် သင့်လျော်မှုရှိသော ရွေးကောက်ပွဲစနစ်များလေ့လာခြင်း အစရှိသည့်အရေးကြီးသော ကိစ္စရပ်များကို ဆွေးနွေးမည့် အစီအစဉ်များရှိပါကြောင်း၊ ယင်းကိစ္စရပ်များကို တင်ပြနိုင်ရန် လွှတ်တော်အထူးကော်မရှင်များ ဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲမကျင်းပမီ ခြောက်လအလိုတွင် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အခြေခံဥပဒေပြင်ဆင်ရာတွင် နိုင်ငံ၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်စေရန်နှင့် တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို မထိခိုက်စေဘဲ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အရှိန်အဟုန်မပြတ်စေရန်အတွက် အလေးထားဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးမှုကို ကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ဝင်တစားစောင့်ကြည့်နေကြပါကြောင်း၊ စောင့်ကြည့်ရုံသာမက ဝေဖန်အကြံပြုနိုင်ကြောင်းကို ပြောကြားလိုပါ ကြောင်း၊ အပြုသဘောဆောင်သော အကြံပြုချက်များကို နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ထည့် သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ မှန်ကန်သည့် ရပ်တည်ချက်နှင့် အားပေးကူညီမှုများကို မြန်မာပြည်သူများက စောင့်မျှော်လျက်ရှိကြပါကြောင်း။

သို့ဖြစ်၍ အာရှနှင့် ဥရောပတို့ ပူးပေါင်းဆောင်ရွက်မှုကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်းနှင့် မြန်မာလွှတ်တော်များ၏ အခန်းကဏ္ဍကို နိုင်ငံအကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ကို ကတိပြုပြောကြားစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Ms.Bronwyn Bishop နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Mr.CAO DUC PHAT နှင့်လည်းကောင်း Nuova Aula dei Gruppi ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် Sala della Regina ခန်းမ၌ ကျင်းပသည့် "Economic and Financial Governance Structures" ဆွေးနွေးပွဲနှင့် Nuova Aula dei Gruppi ခန်းမ၌ ကျင်းပသည့် "Sustainable Growth and Food Security" ဆွေးနွေးပွဲတို့သို့ တက်ရောက်လေ့လာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ညနေ ၄ နာရီခွဲတွင် Nuova Aula dei Gruppi ခန်းမ၌ ပြုလုပ်သည့် (၈)ကြိမ်မြောက် အာရှ-ဥရောပ ပါလီမန်ဆိုင်ရာမိတ်ဖက်အစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

# ရန်ကုန်-ကျိုက်ထို အဲကွန်းအထူးရထား အပတ်စဉ်ပြန်လည်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၈**

ဘုရားဖူးခရီးသွားဧည့်သည်များ၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ အဆင်ပြေစေရေးနှင့် ပွဲတော်ကာလရောက်ရှိပြီဖြစ်သောကြောင့် ရန်ကုန်-ကျိုက်ထို ပြေးဆွဲပေးနေသော RBE အဲကွန်းအထူးရထားအား လာမည့် အောက်တိုဘာ ၁၁ ရက်မှစတင်ကာ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် ပြန်လည်ပြေးဆွဲပေးသွားတော့မည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ရန်ကုန်-ကျိုက်ထို RBE အဲကွန်းအထူးရထား၏ခရီးစဉ်စာရင်းအရ ရန်ကုန်ဘူတာကြီးမှ စနေနေ့ နံနက် ၆ နာရီ ၂၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ကျိုက်ထိုဘူတာသို့ နံနက် ၁၁နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် ကျိုက်ထိုဘူတာ၌ ညအိပ်ရပ်နားကာ တနင်္ဂနွေနေ့ မွန်းတည့် ၁၂ နာရီတွင် ကျိုက်ထိုဘူတာမှ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးသို့ ညနေ ၄နာရီ ၃၅မိနစ်တွင် ပြန်လည်ဝင်ရောက်မည်ဖြစ်ကာ လက်မှတ်ခနှုန်းထားကိုလည်း လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၃၅၀၀ ဖြင့်ယခင်သတ်မှတ်နှုန်းထားအတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထား တိုင်းအမှတ် (၇) သွားလာ ပို့ဆောင်ရေးဌာနမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးဇော်ဖေစိန်က "ကျိုက်ထီးရိုးဘုရားပွဲတော်က ဒီသတင်းကျွတ်လပြည့်မှာစပြီဆိုတော့ ဘုရားဖူးဧည့်သည်တွေ အဆင်ပြေစေဖို့အတွက် ပြန်ပြေးဆွဲပေးတာပါ။ ဘုရားပွဲတော်ပြီးတဲ့အချိန်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွေမှာ ပြန်ပြေးဆွဲပေးသွားတော့မှာပါ"ဟု ဆိုသည်။

ရန်ကုန်-ကျိုက်ထို ပြေးဆွဲပေးနေသော RBE အဲကွန်းအထူးရထားခရီးစဉ်အား ပွဲတော်ကာလပြီးဆုံးချိန်နှင့် မိုးတွင်းကာလဖြစ်သောကြောင့် ပြီးခဲ့သည့် ဇူလိုင် ၁၆ ရက်က ရထားပြေးဆွဲခြင်း အစီအစဉ်အား ခေတ္တရပ်နားခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပွဲတော်ကာလ ရောက်ရှိလာပြီဖြစ်၍ လာမည့်အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ပြန်လည်ပြေးဆွဲခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

**(စိုးဝင်း-MLA)**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၁၀-၂၀၁၄
(ကြာသပတေးနေ့)

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo |
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ် |
| ၅း၂၀ | "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၃၀) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series (English Playground) |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၀၅ | Food& Decor |
| ၁၁း၃၀ | MRTV-4 Stage |
| ၄း၄၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၅း၁၀ | Minute to Win It |
| ၆း၁၀ | Health Fix |
| ၁း၁၅ | European Qualifiers England Vs San Marino (LIVE) |



## ပြည်တွင်းရေးရာ



**သီတင်းကျွတ်လပြည့်နေ့က မဟာဝိဇယစေတီတော်တွင် ဘုရားဖူးများ၊ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိစဉ်။**
ခင်မောင်ဝင်း(ကြေးမုံ)



**သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ သမိုင်းဝင် ပါဒဆံတော်ရှင် ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီးရှေ့၌ ဝတ်ပြုတောင်းဆုယူနေသူများအား တွေ့ရစဉ်။**
(နေသစ်ဦး)

○ ကျောဖုံးမှ

ဝါကျွတ်ပဝါရဏာပွဲတော်၊ မိဘ၊ ဆရာနှင့် သီလ၊ သမာဓိ၊ ပညာမြင့်မားသူများ၊ အသက်အရွယ်ကြီးမြင့်သူများအား ပူဇော်ကန်တော့သည့် ပွဲတော်တို့ကို ရန်ကုန်မြို့၌ ခြိမ့်ခြိမ့်သဲသဲ ဆင်ယင်ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၆ ခုနှစ် သီတင်းကျွတ်မီးထွန်းပွဲတော် စေတီတော်များအား ဆီမီးစေတီ လှည့်လည်ပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ယမန်နေ့မှစတင်၍ ကျင်းပခဲ့ရာ ညနေ ၅ နာရီခွဲတွင် ဆီမီးစေတီ ငါးဆူနှင့် ရောင်စုံမီးများ ကိုင်ဆောင်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး ဆီမီးစေတီများနှင့် ရောင်စုံမီးများကို ရင်ပြင်တော်ရာဟုထောင့်အောင်မြေ၌ နေရာယူပူဇော်ကြသည်။ ထို့နောက် ပုတက်ကာတွန်းမှ စီစဉ်သော (သာမညဖလအခါတော်နေ့) ဓမ္မရုပ်စုံပြပွဲ ဖွင့်ပွဲကျင်းပသည်။

ယနေ့ နံနက် ၅ နာရီခွဲတွင် ဆွမ်းတော်ကြီးတင်လှူပွဲနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ရှေးဟောင်း ရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပပြီး နံနက် ၉ နာရီခွဲတွင် ဝါတွင်းသီလခံယူပွဲ ပိတ်ပွဲ အခမ်းအနားကိုကျင်းပကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆူးလေစေတီတော်၌ ယနေ့နံနက်ပိုင်းတွင် စေတီတော်အား သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ပြုလုပ်ကြကာ ညနေပိုင်းတွင် စေတီတော်အား ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် ဘာသာရေးအသင်း အဖွဲ့များက စေတီတော်အား ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းများ ကပ်လှူခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းများ ပြုကြပြီး မွန်းလွဲပိုင်းတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ကာ ညနေပိုင်းတွင် စေတီတော်အား ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ မွန်းလွဲ ၁ နာရီတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ကျင်းပပြီး ညပိုင်းတွင် ဝတ်အသင်းအဖွဲ့ ၂၀ တို့က ရင်ပြင်တော်အပြည့် ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ဝရဒါဋ္ဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ (၁၇)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့အခမ်းအနားကို ကျင်းပရာ နံနက် ၈ နာရီတွင် မာဂဓိ သာစည်ဆရာတော်ကြီး၏ တပည့်များက အဘိဓမ္မာအခါတော်နေ့ ရွတ်ဆိုဟောပြောမှုများ ပြုလုပ်ကြသည်။ နံနက် ၉ နာရီခွဲတွင် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ကန်ဦးဇေတဝန်ဆရာတော်ထံမှ ရှစ်ပါးသီလဆောက်တည်ကြပြီး နံနက် ၁၁ နာရီတွင် ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြကာ ညနေ ၆ နာရီတွင် စေတီတော်အရပ်ရင်ပြင်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ စွယ်တော်မြတ်စေတီတော် သာသနာ့ဝေယျာဝစ္စအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြသည်။

မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၌ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ ဘုရားသုံးဆူတန်ဆောင်း၌ စေတီတော်အား အရဏ်တက်တွင် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး နံနက် ၇ နာရီတွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို အောင်ဓမ္မာရုံ၌ ကျင်းပသည်။

နံနက် ၁၀ နာရီခွဲတွင် သီလပေးတရားပွဲကျင်းပပြီး မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများ ကျင်းပသည်။

စေတီတော်၏ ဆံတော်တိုက်အတွင်း၌ တစ်နှစ်တာ ကိန်းဝပ်စံပယ်လျက်ရှိသည့် မြတ်စွာဘုရား၏ ဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များကို အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အောင်ဓမ္မာရုံ၌ အဖိတ်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ အပူဇော်ခံထားရှိမည်ဖြစ်သည်။ စေတီတော်အား တပို့တွဲလ၌ ကျင်းပမည့် ဘုရားပွဲတော်အမီ လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဘုန်းပွင့် စေတီတော်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အထိမ်းအမှတ်အခမ်းအနားကို သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် သာသနာဇောတိက ဓမ္မာရုံအတွင်း၌ ကျင်းပရာ ဝတ်အသင်း ခြောက်သင်းက အဘိဓမ္မာအခါတော်နေ့ တရားတော်များရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ကြသည်။

သီတင်းကျွတ်လပြည့်နေ့ (ယနေ့) နံနက်ပိုင်းတွင် စေတီတော်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်များက သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားချီးမြှင့်တော်မူခြင်း၊ မွန်းလွဲပိုင်းတွင် (၁၇) ကြိမ်မြောက် ပဝါရဏာပွဲကျင်းပခြင်း၊


**စာမျက်နှာ ၉ သို့ ✿**



**သီတင်းကျွတ်လပြည့်နေ့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။**
ခင်မောင်ဝင်း(ကြေးမုံ)



**သီတင်းကျွတ်လပြည့်နေ့ ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့ဥယျာဉ်၏ ရောင်စုံရေပန်းအလှအနီးတွင် အပန်းဖြေလာရောက်လည်ပတ်ကြသော ပြည်သူများအား တွေ့ရစဉ်။**
(ငွေအောင်-ကြေးမုံ)



**၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့အခါသမယတွင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရားရင်ပြင်ပေါ်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဝတ်အသင်းအဖွဲ့ဝင်များက ဆီမီးများဖြင့်ထွန်းညှိပူဇော်ကြစဉ်။**
ခင်မောင်အေး(အင်းစိန်)



**သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား မုန့်ဟင်းခါးစတုဒိသာဖြင့် ဧည့်ခံကျွေးမွေးစဉ်။**
(အောင်ကျော်ဦး-ကြေးမုံ)

## ပြည်တွင်းရေးရာ

**●နေပြည်တော်မှ**
ဓမ္မစကြာတရားတော် ရွတ်ဖတ်ပူဇော်သံများနှင့်အတူ စည်ကားခဲ့ကာ နေပြည်တော်ရှိ ရေပန်းဥယျာဉ်၌လည်း ရပ်နီးရပ်ဝေးမှ လာရောက်အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ဆဋ္ဌအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၅၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲကိုပြုလုပ်ခဲ့ရာ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတွင် ဓမ္မစကြာတရားတော်ရွတ်ဆိုသံများ စည်ဝေလျက်ရှိပြီး အလှူခံဌာနတွင် အလှူရှင်များဝင်လာမစဲ ကုသိုလ်ယူ ပါဝင်လှူဒါန်းနေကြသကဲ့သို့ လာရောက်ဖူးမြော်ကြည်ညိုကြသူ ရပ်နီး ရပ်ဝေးမှ ဘုရားဖူးလာ ပရိသတ်အပေါင်းတို့ကို စေတနာရှင်၊ ကုသိုလ်ရှင်များက စတုဒိသာ၊ ကုသိုလ်အဖြစ်အချိုရည်ဘူးများ လှူဒါန်းနေသည်ကိုလည်းတွေ့မြင်ခဲ့ရသည်။

ထို့အတူ နေပြည်တော်ပျဉ်းမနားရှိ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကမာရဇိန်ဘုရား၊ လောကရန်နိုင်ဘုရားများနှင့် နေပြည်တော်ရှိ ဓာတုစယစေတီတော်နှင့် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်၊ သတ္တသတ္တာဟမဟာဗောဓိစေတီတော် စသည့်စေတီပုထိုးများတွင်လည်း ဆီမီးပူဇော်ပွဲများပြုလုပ်ခဲ့ပြီး ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာဧည့်ပရိသတ်များဖြင့် စည်ကားများပြားလျက်ရှိသည်။

သီတင်းကျွတ်မီးထွန်းပွဲကျင်းပခြင်းသည် အစဉ်အလာကောင်းတစ်ခုဖြစ်ပြီး ကောင်းမှုအမွေတစ်ရပ်ဖြစ်သည်။ နေပြည်တော်ရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများတွင် ဆီမီးလာရောက်ပူဇော်သူများဖြင့် စည်ကားခဲ့ပြီး နေပြည်တော်တစ်ခွင်ရှိ လူနေအိမ်ရာများ၌ ရောင်စုံမီးအလှများ ထွန်းညှိကာ မြတ်စွာဘုရားအား ပူဇော်ထားသည်ကို တွေ့မြင်ရသည်မှာလည်း အလွန်တင့်တယ်ပြီး နှလုံးစိတ်ဝမ်းချမ်းမြေ့ဖွယ်ရာဖြစ်သည်။ **(သတင်းစဉ်)**


**ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့**

**WORLD SIGHT DAY**

**အောက်တိုဘာ လ (၉ )ရက်၊ကြာသပတေးနေ့**

**Universal Eye Health**

**No More Avoidable Blindness**

**" ရှောင်လွှဲနိုင်သောမျက်မမြင်ဘဝ၊ကာကွယ်စောင့်ရှောက်ကြ "**


**❁ စာမျက်နှာ ၈ မှ**
ညနေပိုင်းတွင် ပါရမီရှင် ဝတ်အသင်းသား အသင်းသူများက အဘိဓမ္မာအခါတော်နေ့ ဖြစ်ပေါ်လာပုံကို လျှောက်ထားပူဇော်ခြင်း၊ ညပိုင်းတွင် ပန်းတစ်သောင်း၊ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ကြသည်။

မဟာဝိဇယစေတီတော်၌ (၂၂)ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကို ယမန်နေ့မှ စတင်၍ ကျင်းပခဲ့သည်။ ယနေ့နံနက်ပိုင်းတွင် စေတီတော်အား ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပြီး နံနက်ပိုင်းမှစတင်၍ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် အသံမစဲရွတ်ဖတ်ပူဇော်ကြကာ ညနေပိုင်းတွင် စေတီတော်အား ဆီမီး ၃၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။

ထို့အတူ ရန်ကုန်မြို့ရှိ မယ်လမုစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးနှင့် ကိုးထပ်ကြီးဘုရားများ၊ မိုးကောင်းစေတီတော်၊ တွံတေးမြို့နယ်ရှိ ရွှေဆံတော်စေတီတော်၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ခရမ်းမြို့ရှိ သွန်းဘုရားကြီး၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်၊ သယ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကဆံစေတီတော်၊ သာကေတမြို့နယ်ရှိ ဇိနမာန်အောင်စေတီတော်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြို့ဦးစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့ကျိုက္ကလဲ့ စေတီတော်များ၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ ကျင်းပကြပြီး ညပိုင်းတွင် ဘုရားစေတီများအား ရောင်စုံဆီမီးများ ထွန်းညှိပူဇော်ကြသည်။ **(သတင်းစဉ်)**



**သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သုခလမ်း အထက်ပိုင်း မိသားစုများ ဆီမီးတစ်ထောင် ပူဇော်ပွဲကျင်းပစဉ်။**
**(ဌေးအောင်-ကြေးမုံ)**

# သီတင်းကျွတ်ပွဲတော်နှင့်အတူ ရေကျော်မီးထွန်းပွဲလည်း ခြိမ့်ခြိမ့်သဲ စည်ကားနေ

ရန်ကုန် အောက်တိုဘာ ၈

**ရန်ကုန်မြို့၏ သီတင်းကျွတ်ပွဲတော်နှင့်အတူ လူသိများကာ ထင်ရှားသောပွဲမှာ ရေကျော်မီးထွန်းပွဲဖြစ်သည်။ ခေတ်ကာလပြောင်းလာသည်နှင့်အမျှ ကျင်းပသည့်ပုံစံလည်းပြောင်းကာ ဈေးပွဲတော်ကဲ့သို့ ဖြစ်လာသော်လည်း အစဉ်အလာမပျက် နှစ်စဉ်စည်ကားနေဆဲဖြစ်သည်။**

အဆိုပါရေကျော်မီးထွန်းပွဲတော်မှာ ဗိုလ်မြတ်ထွန်းလမ်း (ယခင်ခေါ်သော ခရစ်လမ်း)အတွင်းမှ အစပြုလာခဲ့သည်ဟု ပုဇွန်တောင်မြို့နယ်အတွင်းနေထိုင်သော သက်ကြီးရွယ်အိုတစ်ဦးက ပြောသည်။

"နှစ်တိုင်းလိုလိုတော့ စည်တယ်၊ လပြည့်မတိုင်ခင် တစ်ရက်ရယ်၊ လပြည့်နေ့ရယ်၊ လပြည့်ကျော် တစ်ရက်ရယ်က အစည်ကားဆုံးပဲ၊ အရင်ခေတ်နဲ့ မတူတာကတော့ ခေတ်ကာလနဲ့အညီ လူကြီးလူငယ်ကြိုက်စေမယ့် အငြိမ့်တွေ၊ ဖျော်ဖြေပွဲတွေကိုစီစဉ်ပေးလာတာပဲဖြစ်ပါတယ်" ဟု အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ရှင်းပြသည်။

ပွင့်လင်းရာသီကာလတွင် ရှေးဦးစွာကျင်းပသော ပွဲတော်လည်းဖြစ်သလို အခြေအနေအရယခုကဲ့သို့စည်ကားစွာ ပြုလုပ်နိုင်မှုမရှိဘဲ ၁၉၉၃ ခုနှစ်နောက်ပိုင်းမှစတင်ကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားစေရန် စီမံခန့်ခွဲလုပ်ဆောင်လာကြကြောင်းသိရသည်။


"ဒီနှစ် သီတင်းကျွတ်ရက်စောတယ်။ ယခင်နှစ်က လလယ်ပိုင်းလောက်မှာပါ။ ဒီနှစ်သီတင်းကျွတ်က လဆန်းပိုင်းမှာဆိုတော့ မိုးကမကင်းသေးဘူးထင်တယ်၊ မနေ့ကတော့ မိုးရွာချလို့ အရောင်းအဝယ်သိပ်မကောင်းခဲ့ဘူး။ ဒီနေ့ကတော့ ရောင်းကောင်းမယ်လို့ မျှော်လင့်ထားတယ်။ စည်တာလည်း မနေ့ကထက် ပိုစည်ကားတယ်" ဟု ရေကျော်လမ်းမပေါ်၌ ဆိုင်ဖွင့်ကာ ရောင်းချနေသည့် အသက်(၄၀)ကျော် အမျိုးသမီးတစ်ဦးက ပြောသည်။

ထိုမီးထွန်းပွဲတော် ပွဲဈေးကဲ့သို့ပင် ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းပေါ်ရှိ ပန်းလှိုင်သံယာ့ဒါနဆွမ်းလောင်းအသင်းကလည်း ဆွမ်းသိမ်းအောင်ပွဲနှင့်အတူ ဖျော်ဖြေပွဲများကို ကျင်းပခြင်းကြောင့် ရန်ကုန်မြို့တွင် သီတင်းကျွတ်ညပွဲဈေး လျှောက်လည်ချင်သူများအတွက် အကြိုက်တွေ့စေမည့် အခြေအနေပင်ဖြစ် သည်။

ထို့အတူ ရန်ကုန်မြို့ရှိ ရပ်ကွက်အများစုတွင်လည်း ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူမှုများပြီးဆုံးသည့် ဆွမ်းသိမ်းအောင်ပွဲများကို သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယင်းပွဲတော်များနှင့်ယှဉ်တွဲ၍ စတုဒိသာကျွေးမွေးလှူဒါန်းမှုများ၊ နိဗ္ဗာန်ဈေးများ၊ တစ်ရက်တာ ယာဉ်အခမဲ့စီးနင်းခွင့်ပေးသူများဖြင့်လည်း မြန်မာတို့၏ မွန်မြတ်သော အလှူဒါနများကို မြင်တွေ့ရမည်ဖြစ်သည်။

အလှူအတန်းဆိုလျှင် လက်မနှေးဘဲ ရက်ရောတတ်သည့် မြန်မာလူမျိုးတို့၏ စိတ်စေတနာထက်သန်မှုနှင့်အတူ စည်ကားနေသော သီတင်းကျွတ်မီးထွန်းပွဲတော်တို့ကလည်း ဆက်လက်ယှဉ်တွဲ၍နေပေသည်။ သက်ကြီးရွယ်အို၊ ဘိုးဘွားများကို ဝါကျွတ်လက်ဆောင်များဖြင့် ကန်တော့ကြသည့် အလေ့အထများကလည်း သီတင်းကျွတ်ပွဲတော်ကာလ၏ ထူးခြားကြည်နူးမှုတစ်ခုပင် ဖြစ်လေတော့သည်။

**သတင်း- ထက်ခိုင်(စမ်းချောင်း)**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**



# ကျန်ရှိမြန်မာရဟတ်ယာဉ်မှူးအား ပြန်လည်တွေ့ရှိရေး ကြိုးပမ်းရှာဖွေ

**သတင်း - ခင်ဇာလီ**
**ဓာတ်ပုံ - ထူးဖောင်ဒေးရှင်း**

ခါကာဘိုရာဇီ တောင်တက်ခရီးစဉ်တွင် သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးကို ရှာဖွေရင်း ၁၁ ရက်ခန့်ကြာ အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် ထိုင်းရဟတ်ယာဉ် B4 တွင် ပါဝင်လိုက်ပါသူ ထိုင်းရဟတ်ယာဉ်မှူး Mr.Chat Chawall နှင့် ဒေသခံ ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ၏ ကိုယ်ရေးလက်ထောက် ဦးရွှေရင်တော်ကြီးတို့ နှစ်ဦးအား ရှာဖွေကယ်ဆယ်မှုပြုနိုင်ခဲ့သော်လည်း မြန်မာရဟတ်ယာဉ်မှူး ဦးအောင်မြတ်တိုးကိုမူ ယနေ့ထိရှာဖွေကယ်ဆယ်မှုများ အပြင်းအထန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျောက်ဆုံးတောင်တက်သမားနှစ်ဦးကို ရှာဖွေရင်း အဆက်အသွယ်ပြတ်သွားခဲ့သော ယင်းရဟတ်ယာဉ်သည် ထိုင်းနိုင်ငံ Advance Aviation မှ B4 ရဟတ်ယာဉ်ဖြစ်ပြီး ရှာဖွေကယ်ဆယ်မှုများလုပ်ဆောင်နေစဉ် အခြေစိုက်စခန်းတည်ရှိရာ တဟွန်ဒမ်းကျေးရွာသို့ သွားရောက်ရိက္ခာပို့ရင်း စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ခြင်းဖြစ်သည်။ ယင်းရဟတ်ယာဉ်နှင့် အဆက်အသွယ်ရရှိစေရန် ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတေဇဦးဆောင်ပြီး အဖွဲ့ဝင်များနှင့်အတူ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား၊ ရွာသူရွာသားများနှင့် စစ်ဘက်နယ်ဘက်မှဝိုင်းဝန်းဆောင်ရွက်မှုများဖြင့် အစွမ်းကုန်ကြိုးစားရှာဖွေခဲ့ကြသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီရန် တရုတ် BSR အဖွဲ့မှလည်း အဆင့်မြင့်အာရုံခံရှာဖွေရေး ကိရိယာများ ယူဆောင်လာပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

၎င်းတို့အားလုံးသည် နောင်မွန်း၊ ပန်နန်းဒင်၊ တဟွန်ဒမ်းရှိ ဆက်သွယ်ရေးစက်များဖြင့် ရာသီဥတုအခြေအနေများကို မေးမြန်းမှုများပြုလုပ်ခဲ့ပြီး XY-AFJ ရဟတ်ယာဉ်ဖြင့် ကပ္ပတိန်ရဲမြင့် ဦးဆောင်လျက် ပန်နန်းဒင်၊ ငါဝါ၊ ဂဝိုင်၊ နောင်မွန်းတခန်းခါချောင်းတစ်လျှောက်ကော်လှဲ့ထုမြစ်ကြောင်းအတိုင်း ရပ်ဘော့ ဧရိယာတစ်ဝိုက်သို့လည်းကောင်း၊ XY-AFI ရဟတ်ယာဉ်ဖြင့် ကပ္ပတိန်မြတ်ထွန်းလွင် ဦးဆောင်လျက် နောင်မွန်း ဧရိယာ၊ မချမ်းဘောဧရိယာ၊ ဂတ်ထုမြစ်ကြောင်းတစ်လျှောက်၊ ဂတ်ထုဧရိယာတစ်ဝိုက်သို့လည်းကောင်း၊ တပ်မတော် MI 17 ရဟတ်ယာဉ်ဖြင့် တရုတ် BSR အဖွဲ့ဝင်များလိုက်ပါလျက် ပူတာအိုမှ ရပ်ဘော့ဧရိယာတစ်ဝိုက်သို့ လည်းကောင်း၊ မြေပြင်ကယ်ဆယ်ရေးအနေဖြင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့ဝင်များကလည်း ရှာဖွေကယ်ဆယ်မှုများ အပြင်းအထန်ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

အောက်တိုဘာ ၇ ရက်တွင် ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတေဇကိုယ်တိုင် နောင်မွန်းမြို့နယ်တစ်ဝိုက် ပိုက်စိပ်တိုက်ရှာဖွေနေရင်း လန်ဆာထုကျေးရွာတွင် B4 ရဟတ်ယာဉ်နှင့်အတူ အဆက်အသွယ် ပြတ်တောက်သွားခဲ့သော သူ၏ကိုယ်ရေးလက်ထောက်ဖြစ်သူ ဦးရွှေရင်တော်ကြီးနှင့် ယင်းနေ့ညနေ ၄ နာရီမိနစ် ၂၀ တွင် အဆက်အသွယ်ရ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ဒေသခံရဝမ်လူမျိုးတစ်ဦးဖြစ်သော ဦးရွှေရင်တော်ကြီးသည် ခြေလျင်ခရီးဖြင့် အပြင်းအထန် လမ်းလျှောက်လာခဲ့ရခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာအနည်းငယ်သာရရှိခဲ့သည်။ ကျန်ရဟတ်ယာဉ်မောင်းနှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိနေသောကြောင့် ဒေသခံဦးရွှေရင်တော်ကြီး လမ်းပြအဖြစ်ပြန်လည်လိုက်ပါလျက် ထူးဖောင်ဒေးရှင်းမှ မြေပြင် ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဒေသခံများဖြင့် ယင်းနေ့တွင်ပင် တောအုပ်အတွင်းသို့ အပြင်းအထန် ကြိုးစားရှာဖွေခဲ့ကြသည်။ ယနေ့ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် အဆက်အသွယ်ပြတ်တောက်နေသော ထိုင်းရဟတ်ယာဉ် B4 အား မောင်းနှင်သော ကပ္ပတိန် Mr.Chat Chaswall အားတွေ့ရှိခဲ့ပြီး ဒဏ်ရာအနည်းငယ် ရရှိထားသောကြောင့် လန်ဆာထုကျေးရွာသို့ ဒေသခံရဝမ်လူမျိုးတို့အကူအညီဖြင့်ခေါ်ဆောင်လာလျက်ရှိပြီး လန်ဆာထုကျေးရွာမှ ပူတာအိုသို့ ဆေးကုသမှုခံယူရန် ချက်ချင်း သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ပူတာအိုတွင် SOS ဆေးအဖွဲ့မှ ဒေါက်တာ Oliver အပါအဝင် ဆရာဝန်များ အသင့်ပြင်ဆင်ထားကာလိုအပ်သည့် ဆေးဝါးကုသမှု များ လုပ်ဆောင်ခဲ့ပြီး ယနေ့ည ၈ နာရီ တွင် ပူတာအိုမှ ထွက်ခွာပြီး ရန်ကုန်ရှိဝိတိုရိယ ဆေးရုံသို့ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ထပ်မံကျန်ရှိနေသည့် မြန်မာရဟတ်ယာဉ်မှူး ဦးအောင်မြတ်တိုးမှာမူ မျက်စိတွင် ထိခိုက်ဒဏ်ရာရထားသည်ဟု ကြားသိရပြီး တောတွင်းရှိ ဂူတစ်ဂူထဲတွင် ရှိနေကြောင်း သိရသည့်အတွက် အမြန်ဆုံးပြန်လည်ကယ်ဆယ်နိုင်ရေး ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတေဇကိုယ်တိုင် ဦးဆောင်ပြီး တောင်တက်ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ဒေသခံများ၊ ဒေသအာဏာပိုင်နှင့် တပ်မတော်တို့၏ အကူအညီနှင့်အတူ ရှာဖွေမှုများ ကြိုးစားလုပ်ဆောင်လျက်ရှိပြီး အရေးပေါ်ဆေးဝါးကုသနိုင်ရန်အတွက် ပူတာအိုလေဆိပ်တွင် လေယာဉ်တစ်စင်းအဆင်သင့် ပြင်ဆင်ထားကြောင်း ထူးဖောင်ဒေးရှင်းမှ ထုတ်ပြန်သော သတင်းများအရ သိရသည်။



# မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၁ မှု၊ တရားခံ ၁၉၁ ဦးတို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၈**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ တာဝန်ပေးမှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေး သုံးခုတို့ဖြင့် စက်တင်ဘာ ၁၁ ရက်မှ အောက်တိုဘာ ၆ ရက်အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### မန္တလေးတိုင်းဒေသကြီးအတွင်း ရတနာပုံ(၂) စစ်ဆင်ရေးဖြင့် ဖော်ထုတ်ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၁၀၂၊ ၁၀၃၊၁၀၄) နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု (၁၇၊၁၈) မန္တလေးနှင့် မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်တို့မှ တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်း၊ ဖယ်ခုံဘက်မှ မန္တလေးတိုင်းဒေသကြီးကို ဖြတ်၍ ကချင်ပြည်နယ်သို့ဝင်ရောက်မည့် ဘိန်းစိမ်းများကို လမ်းကြောင်းပိတ်ဆို့ဖော်ထုတ်ဖမ်းဆီးခြင်း၊ အိန္ဒိယနယ်စပ်မှ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဝင်ရောက်ကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သို့ ဆူဒိုအက်ဖီဒရင်းဆေးပြားများ သယ်ဆောင်သည့်ဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီးခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့်ပြင်ဦးလွင်ခရိုင်များအတွင်း ရှောင်တခင် ဝင်ရောက်ဖမ်းဆီးခြင်းနှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ ၃၁ ဒသမ ၁၁ ဂရမ်၊ ဘိန်းစိမ်း ၁၂၅ ဒသမ ၀၁၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၁၂၂ ပြား၊ ဘိန်းဆီရည် သုည ဒသမ ၄၉၅ လစ်တာ၊ ဘိန်းဆီခဲ ၆၈ ဒသမ ၇ ဂရမ်၊ အိုက်(စ်) ၁ ဒသမ ၀၁၅၂ ကီလို၊ အက်စ်တက်စီ ၃၉၅၂ ပြား၊ အဆင့်နိမ့်ဘိန်း ၁၆ ဂရမ်၊ ဆေးခြောက် ၁၅ ဒသမ ၈၁၆၅ ကီလို၊အက်ဖီဒရင်း ၁၁ ဒသမ ၁ ကီလို၊ ကဖင်း ၆ ဒသမ ၃၀၄ ကီလို၊ ကတ်တမင်း ၉၂၁ ဂရမ်၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၄၃ ဒသမ ၄၈ သိန်း၊ ဆူဒိုအက်ဖီဒရင်း အကြေမှုန့် ၁၅ ဒသမ ၉ ကီလို(ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုး မြန်မာငွေကျပ်သိန်းပေါင်း ၁၈၀၅၄ ဒသမ ၆၆ သိန်း)၊ ပွိုင့် ၂၂ လုပ်သေနတ် တစ်လက်၊ ယင်းကျည်ငါးတောင့်၊ လက်ကိုင် စကားပြောစက်တစ်လုံး၊ ဆိုင်ကယ် ၂၄ စီး၊ ကား ခုနစ်စီး၊ လက်ကိုင်ဖုန်း နှစ်လုံး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေကျပ် ၃၇ ဒသမ ၂၄၉သိန်းတို့အား ဖမ်းဆီး၍ မူးယစ်ဆေးဝါး အမှုပေါင်း ၇၃ မှုအား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး တရားခံပေါင်း ၁၀၂ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကာ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲ (၄၆) ကြိမ် ပြုလုပ်ခဲ့ရာ ပြည်သူလူထု၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၁၂၃ ဦးကို အသိပညာပေးဟောပြောနိုင်ခဲ့ကြောင်း သိရသည်။



တမူးမြို့မှ မန္တလေးမြို့ပေါ်သို့ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၂ ဒသမ ၃ သိန်း သယ်ဆောင်ရောင်းဝယ်ဖြန့်ဖြူးသည့် ငြိမ်းချမ်းအောင်နှင့်အဖွဲ့အား ဖမ်းဆီးရမိစဉ်။

### မွန်ပြည်နယ်အတွင်း ရာမညစစ်ဆင်ရေးဖြင့် ဖော်ထုတ်ဖမ်းဆီးရမိ

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မူးယစ်တပ်ဖွဲ့စု(၁၀၂၊၁၀၃၊၁၀၄) နေပြည်တော်မှတပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၃၈)မော်လမြိုင်မှ တပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်ခရိုင်နယ်မြေအတွင်း အိုက်စ် သုည ဒသမ ၉ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၉၀၊ ဆေးခြောက် သုည ဒသမ ၁၆၁၅ ဂရမ်၊ သေနတ် သုံးလက်၊ ကျည် ၃၀၉ တောင့်၊ ကျည်အိမ် ၁၀ ခု၊ ဆိုင်ကယ် ၁၅ စီး၊ ကားနှစ်စီး၊ လက်ကိုင်ဖုန်း ၁၈ လုံး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေ ၄၁ ဒသမ ၁၂၁ သိန်းတို့အား ဖမ်းဆီး၍ မူးယစ်ဆေးဝါးအမှုပေါင်း ၃၄ မှုကို သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး တရားခံပေါင်း ၄၈ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကာ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ (၂၈) ကြိမ် ပြုလုပ်ခဲ့ရာ ပြည်သူလူထု၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၇၃၆ ဦးအား အသိပညာပေး ဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

### ကရင်ပြည်နယ်အတွင်း ဇွဲကပင်စစ်ဆင်ရေးဖြင့် ဖော်ထုတ်ဖမ်းဆီးရမိ

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မူးယစ်တပ်ဖွဲ့စု (၁၀၂၊ ၁၀၃၊ ၁၀၄)နေပြည်တော်မှတပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၃၁) ဘားအံနှင့် မူးယစ်တပ်ဖွဲ့စု (၃၂)မြဝတီမှတပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ် နယ်မြေများအတွင်း ဘိန်းဖြူ ၇ ဒသမ ၇ ကီလို၊ အိုက်စ် ၂ ဒသမ ၂၅၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၆၆ ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် သုည ဒသမ ၂၅ ဂရမ်၊ ဆိုင်ကယ်လေးစီး၊ ကားနှစ်စီး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေကျပ် ၁၅ ဒသမ ၃၂၅ သိန်းတို့အား ဖမ်းဆီး၍ မူးယစ်ဆေးဝါးအမှုပေါင်း ၂၄ မှု၊ တရားခံပေါင်း ၃၁ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲ အကြိမ်(၂၀) ပြုလုပ်ခဲ့ရာ ပြည်သူလူထု၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅၅၆ ဦးကို အသိပညာပေးဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

### စစ်ဆင်ရေးသုံးခုမှ ဖော်ထုတ်ဖမ်းဆီးအရေးယူမှု

မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးသုံးခုတို့ဖြင့် ဘိန်းဖြူ ၇ ဒသမ ၇၃၁ ကီလို၊ ဘိန်း ၁၂၅ ဒသမ ၀၁၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၆၇၈ ပြား၊ ဆေးခြောက် ၂၄ ဒသမ ၂၉၃ ကီလို၊ အိုက်စ် ၃ ဒသမ ၂၇၄ ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၄၃ ဒသမ ၄၈ သိန်း၊ အက်ဖီဒရင်း ၁၅ ဒသမ ၉ ကီလို၊ ကဖင်း ၆ ဒသမ ၃၀၄ ကီလို၊ ကတ်တမင်း သုည ဒသမ ၉၂၁ ကီလို၊ အိုက်စ် ၃ ဒသမ ၂၇၄ ကီလို၊ အက်စ်တက်စီဆေးပြား ၃၉၅၂ ပြား(ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ စုစုပေါင်းကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၂၇၇၀၁ ဒသမ ၂၉ သိန်း)၊ ဆိုင်ကယ် ၄၃ စီး၊ ကား ၁၁ စီး၊ မူးယစ်ဆေးဝါးရောင်းဝယ်ငွေ ၉၃ ဒသမ ၆၉၅ သိန်းတို့အား သိမ်းဆည်းရမိသည်။ မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၁ မှု၊ တရားခံ ၁၉၁ ဦးတို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ (၉၄) ကြိမ်ပြုလုပ်ခဲ့ရာ ပြည်သူလူထု၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၉၄၁၅ ဦးတို့အား အသိပညာပေးဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ပုဇွန်တောင်ချောင်းအတွင်း ငါးဖမ်းသဘော်နှင့် သဲတင်သမ္ဗန်တိုက်မိကာ သမ္ဗန်နစ်မြုပ်

**ရန်ကုန် အောက်တိုဘာ ၈**

ဆိပ်ကမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ပုဇွန်တောင်ချောင်းအတွင်း ဝါဆိုသမ္ဗန်ဆိပ်အနီးတွင် ငါးဖမ်းသဘော်နှင့် သဲတင်သမ္ဗန်တို့တိုက်မိခဲ့ပြီး သဲတင်သမ္ဗန်နစ်မြုပ်သွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ စမ်းချောင်းမြို့နယ်နေ ဦးသန်းဇော်မျိုး(၃၄) နှစ် မောင်းနှင်သည့် ငါးဖမ်းသဘော်သည် အဏ္ဏဝါညောင်တန်းဘောတံတားမှ နေရာရွှေ့ရန်အတွက် ကမ်းမှခွာ၍ သဘော်အားလှည့်စဉ် ရေစုန်အတိုင်း သဲများတင်ဆောင်ပြီး သာကေတမြို့နယ်နေ ဦးဌေးအောင်(၄၀)နှစ်မောင်းနှင်လာသည့် သဲတင်သမ္ဗန်နှင့် ပဲ့ပိုင်းချင်းတိုက်မိခဲ့ရာမှ သဲတင်သမ္ဗန်နစ်မြုပ်သွားခြင်းဖြစ်ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းသိရပြီး ရေယာဉ်အား မဆင်မခြင်မောင်းနှင်ကြသူ ဦးသန်းဇော်မျိုးနှင့် ဦးဌေးအောင်တို့အား ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၀၄၀)**

# မန္တလေး ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၄၇ ဦး၊ အကျဉ်းသူ ၃၂ ဦး လွတ်ငြိမ်းသက်သာခွင့်ပြု

**မန္တလေး အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(က) နှင့်အညီ အကျဉ်းထောင်များတွင် ထိုက်သင့်သည့် ပြစ်ဒဏ်အသီးသီး ကျခံပြီး ပြစ်ဒဏ်ကျခံရသည့် ကာလ စည်းကမ်းကောင်းမွန်သော အကျဉ်းသား အကျဉ်းသူ ၃၀၇၃ ဦးတို့အား နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း အောက်တိုဘာ ၇ ရက်မှစတင်၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များ ပြုခဲ့သည်။

နိုင်ငံတော်၏ မေတ္တာစေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် နိုင်ငံသားပြည်သူများနှင့်အတူ ထမ်းဆောင်နိုင်စေရန် အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်ပြုရာ မန္တလေး ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၄၇ ဦး၊ အကျဉ်းသူ ၃၂ ဦး စုစုပေါင်း ၁၇၉ဦးတို့အား လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

လွတ်ငြိမ်းသက်သာခွင့် ပြုသော အကျဉ်းသား အကျဉ်းသူများအား မန္တလေး ဗဟိုအကျဉ်းထောင်မှူးကြီးက ဆုံးမစကားပြောကြားပြီး ခရီးစရိတ်ထောက်ပံ့ငွေ၊ အကျဉ်းထောင်လွတ်ငြိမ်းခွင့်လက်မှတ်နှင့် နေရပ်အသီးသီး ပြန်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

■






# သီတင်းကျွတ်လပြည့်ည သံဈေးတွင် မီးလောင်

**ရန်ကုန် အောက်တိုဘာ ၈**


ရန်ကုန်မြို့ လမ်းမတော်လမ်းပေါ် သံဈေးကွန်ဒို ပထမထပ်ရှိ ဈေးဆိုင်များအတွင်း၌ ယနေ့ ညနေ ၆ နာရီ မိနစ် ၅၀ ခန့်က မီးလောင်ကျွမ်းမှု တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ သံဈေးကွန်ဒိုအဆောက်အအုံ၏ ပထမထပ်တွင် စတီးပစ္စည်းများ၊ ဓာတ်ဘူးများ၊ ဖန်ခွက်များ၊ ပန်းကန်များ၊ မယ်လမင်းပစ္စည်းများနှင့် ဒန်ပစ္စည်းများ ရောင်းချခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ဆိုင်ခန်းတစ်ခန်းသာ လောင်ကျွမ်းခဲ့ကာ အနီးရှိ ဆိုင်ခန်းအချို့ မီးဟပ်ခံရကြောင်း၊ မီးလောင်ခံရသည့် ဆိုင်ခန်းပိုင်ရှင်အမည်တို့ကို စစ်ဆေးနေဆဲဖြစ်ကြောင်း မီးသတ်အရာရှိတစ်ဦးက ပြောသည်။

ထိုမီးလောင်မှုသည် ပြင်ပမှ မီးရှူးမီးပန်းများပစ်ဖောက်မှုကြောင့် လွင့်စဉ်ကာ လောင်ကျွမ်းရခြင်းဖြစ်သည်ဟု မီးလောင်ရာတွင် ကိုယ်တိုင်ငြှိမ်းသတ်ခဲ့သောတာဝန်သိပြည်သူများထံမှ သိရသည်။ “မီးခိုးတွေ အူထွက်လာမှသိတာ၊ အနီးက ပစ်တဲ့ မီးရှူးမီးပန်းကြောင့် ဖြစ်တာပါ။ အငွေ့တွေထွက် တော့မှသိတော့ ငြှိမ်းဖို့လည်းလုပ်၊ မီးသတ်ကိုလည်း အကြောင်းကြားရင်း နဲ့ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ရော”ဟု ပါဝင်ငြှိမ်းသတ်ခဲ့သော တာဝန်သိပြည်သူတစ်ဦးက ပြောသည်။ ထိုမီးလောင်ရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ မီးငြှိမ်း သတ်ယာဉ်များ အပါအဝင် မီးသတ်ယာဉ်များဖြင့် အင်အားသုံး ငြှိမ်းသတ်နိုင်မှုကြောင့် အချိန်မီ ဟန့်တားကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။ လွန်ခဲ့သောနှစ်ကလည်း မီးရှူးမီးပန်းများကြောင့် (၂၄) လမ်းတွင် မီးလောင်ကျွမ်းခဲ့ဖူးကြောင်း ဒေသခံများထံမှ သိရသည်။

အလားတူ မီးလောင်ကျွမ်းမှုဖြစ်စဉ်တစ်ခု ယနေ့ ည ၇ နာရီ မိနစ် ၅၀ ခန့်က ကျောက်တန်းမြို့နယ် အေးစေတီလမ်းမတွင် ဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။

**သတင်း-ထက်ခိုင်(စမ်းချောင်း)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# ပြစ်ဒဏ်လွတ်မြောက်သည့် နိုင်ငံခြားသားအားလွှဲပြောင်းပေးအပ်

**တာချီလိတ် အောက်တိုဘာ ၈**

မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်ခြောက်ခုတွင် အကြောင်းအမျိုးမျိုးဖြင့် အကျဉ်းကျခံနေရသော နိုင်ငံခြားသား ၅၈ ဦးအား နိုင်ငံတော်မှ အောက်တိုဘာ ၇ ရက်တွင် ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့် ပေးလိုက်ရာ ကျိုင်းတုံ အကျဉ်းထောင်မှ ထိုင်းနိုင်ငံသား တစ်ဦးအပါအဝင်ဖြစ်ပြီး ၎င်းအား မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေး တံတားတွင် မြန်မာဘက်မှတာဝန်ရှိသူ များက ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိ သူများထံ တရားဝင်လွှဲပြောင်းပေး အပ်ခဲ့ကြသည်။

ကျိုင်းတုံ အကျဉ်းထောင်တွင် အကျဉ်းကျခံရာမှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာသူ အသက် (၅၀)အရွယ်ရှိ ထိုင်းနိုင်ငံသား Mr. Vassn (ခ) နိုင်ဝမ်ဆမ် (ခ) အားဖာသည် စိတ်ကြွဆေးပြားသုံးစွဲမှုနှင့် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်မှုတို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ထောင်ဒဏ်လေးနှစ်နှင့် လဝက အက်ဥပဒေအရ ထောင်ဒဏ်ခြောက်လကို ၂၀၁၂ ခုနှစ်တွင် စတင်ကျခံခဲ့ရပြီးနောက် ယခုနိုင်ငံတော်မှချမှတ်သော ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံအကျဉ်းထောင်မှ လွတ်မြောက်လာသူ ထိုင်းနိုင်ငံသားအား တာချီလိတ်မြို့ရှိ အမှတ်(၁)ချစ်ကြည်ရေးတံတားတွင် အမှတ်(၈) နိုင်ငံခြားသား မတရားဝင်ရောက်မှု ကာကွယ်ရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးဇော်မင်းမြင့်၊ တာချီလိတ်မြို့မ ရဲစခန်းမှူး ဒုရဲမှူး ကျော်သန်းနှင့် မြန်မာဘက် TBC အဖွဲ့က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ လဝကနှင့် တာဝန်ရှိသူများထံ လက်မှတ်ရေးထိုး၍ လွှဲပြောင်း ပေးအပ်ခဲ့ကြသည်။

**သတင်း - မောင်ယဉ်ကျေး**
**ဓာတ်ပုံ - ဇော်အောင်**

# ဖောက်ခွဲဆက်စပ်ပစ္စည်းများ သို့ဝှက်သယ်ဆောင်လာစဉ် သိမ်းဆည်းရမိ

**နောင်ချို အောက်တိုဘာ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု (၂၄) လားရှိုး (နောင်ချိုလှုပ်ရှားစွယ်မှ ရဲအုပ်ဇော်မျိုးနိုင် ဦးစီးသော တပ်ဖွဲ့ဝင်များ၊ နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်၊ မြို့မ ရဲစခန်းမှူး ဒုရဲမှူးမျိုးတင့်ခိုင်၊ ရဲအုပ်ဇော်မျိုးလတ် ဦးစီးသောတပ်ဖွဲ့ဝင်များ၊ နှင့် တပ်မတော်သားများ ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့သည် အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီ ခန့်က နောင်ချိုမြို့အဝင် အေးရှား ဝေါလ်တိုးဂိတ်အနီး၌ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးများ ရှာဖွေစစ်ဆေးစဉ် ကျောက်မဲမြို့ဘက်မှ နောင်ချိုမြို့ဘက်သို့ ယာဉ်မောင်း ဝင်းလွင်မောင်းနှင်လာသော ခရီး သည်ယာဉ် ယာဉ်အမှတ် 5A/--- အား ရပ်တန့်စစ်ဆေးရာ ဂျပ်ဖာ အဝါရောင်အတွင်း ထည့်ထားသည့် Vicopy စာတန်းပါ DVD ခွေကူး စက်အတွင်းမှ ဖောက်ခွဲဆက်စပ်ပစ္စည်းများဖြစ်သော ယမ်းကြိုးအနီ ရောင် ၂၂ ပေခန့် တစ်ချောင်း၊ တစ်ပေခြောက်လက်မခန့် တစ်ချောင်း၊ မီးခိုးရောင်နှင့် အဝါရောင်ဝါယာ ကြိုးတပ်လျက် အနက်ရောင် ဒီတို နေတာ ၂၉ ချောင်း၊ ငါးပို့ ဓာတ်ခဲ အနီရောင် ကိုးလုံး၊ မြန်မာငွေကျပ် ၅၀၀၀ တန် အရွက် ၈၀ နှင့် သက်သေခံ ပစ္စည်းများအား သိမ်းဆည်းရမိသည်။

ဖောက်ခွဲ ဆက်စပ်ပစ္စည်းများကို သို့ဝှက် သယ်ဆောင်လာသူ စိုင်းလောင်လျန် ဆယ်(ခ) စိုင်းလောင် (၃၆)နှစ် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့နှင့် အောင်ငွေ (ခ) စိုင်းအောင်ငွေ (၄၃)နှစ် ကျောက်မဲမြို့နေသူတို့အား နောင်ချိုမြို့မ ရဲစခန်းက (ပ) ၁၁၈/၂၀၁၄၊ ပို့/သွင်း ၈ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၂၄၂)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# အရက်မူးပြီး ရထားလမ်းပေါ်အိပ်ပျော်နေသူ ရထားကြိတ်၍သေဆုံး

**ပဲခူး အောက်တိုဘာ ၈**

ပဲခူးမြို့နယ်၌ အောက်တိုဘာ ၇ ရက်ညက ရထားသံလမ်းပေါ်တွင် အရက်မူးကာ အိပ်ပျော်နေသူ လူတစ်ဦး ရထားကြိတ်၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ရထားသံလမ်းပေါ်တွင် ရထားကြိတ်၍ လူတစ်ဦးသေဆုံးနေကြောင်း အောက်တိုဘာ ၇ ရက် ည ၁၀ နာရီခွဲခန့်တွင် ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ ဘူတာရုံ ဒုတိယရုံပိုင် ဦးမျိုးမင်းထွန်းက ပဲခူးမြို့နယ် ဘုရားကြီးနယ်မြေ ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့ကြောင်း သိရသည်။

တာဝန်မှူး ဒုရဲအုပ်ဇာနည်စိုးနှင့်အဖွဲ့ သွားရောက် စစ်ဆေးရာ ရန်ကုန်- မန္တလေး အစုန် ရထားလမ်း ကြေးနန်းမိုင်တိုင်အမှတ် (၆၄/၉) နှင့် (၆၄/၁၀) အကြားတွင် အရှေ့ဘက်ရထားလမ်းအား ခေါင်းပြု၍အိပ်ပျော်နေသော ကျော်လွင်ဦး (၄၈)နှစ် အနောက်ပိုင်းရပ် ပျဉ်ပုံကြီးကျေးရွာနေသူအား ပျဉ်ပုံဘူတာမှ ပဲခူးဘူတာသို့ မောင်းနှင်လာသည့် ကျောက်တင် အစုန်ရထား စက်ခေါင်းအမှတ် DF 1258ဖြင့် ကြိတ်မိကာ ဦးခေါင်းပြတ်၊ ဝဲယာ ခြေသလုံးများပြတ်လျက် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဖော်ထုတ်ပေးပါရန် ဒုရဲအုပ်ဇာနည်စိုးက တိုင်ကြားလာသဖြင့် ဘုရားကြီးနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၆/၂၀၁၄ ဖြင့် အမှုဖွင့် အရေးယူလျက်ရှိကြောင်း သိရသည်။

**သီဟရာဇာ(ဘုရားကြီး)**




## မြောက်အမေရိကရုပ်ရှင်ရုံဝင်ငွေစာရင်းတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည့် Gone Girl

အမေရိကန်စာရေးဆရာမ Gillian Flynn ရေးသားခဲ့ပြီး နယူးယောက်တိုင်းမ်၏ ရောင်းအားအကောင်းဆုံးစာရင်းဝင်ဝတ္ထုတစ်ပုဒ်လည်းဖြစ်ကာ Gone Girl ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် Gone Girl အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားသည် မြောက်အမေရိကရုပ်ရှင်ရုံများ၌ ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၈ သန်းဖြင့် ရုံဝင်ငွေစာရင်းတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိကြောင်း သိရသည်။

ငါးနှစ်မြောက်မင်္ဂလာနှစ်ပတ်လည်နေ့တွင် ထူးဆန်းစွာဖြင့် ဇနီးသည် ပျောက်ဆုံးခဲ့ရသည့် ခင်ပွန်းတစ်ဦးအကြောင်းကို ပုံဖော်ထားသည့် ယင်းဇာတ်ကားတွင် ဟောလိဝုဒ်နာမည်ကြီးဒါရိုက်တာနှင့်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဘမ်အက်ဖ်လက်က ခေါင်းဆောင်အဖြစ်ပါဝင်ထားပြီး အဆိုပါဇာတ်ကားကို စက်တင်ဘာ ၂၆ ရက်က နယူးယောက်ရုပ်ရှင်ပွဲ တော်တွင် ပါဝင်ပြသခဲ့ကာ အောက်တိုဘာ ၃ ရက်တွင် မြောက်အမေရိကရုပ်ရှင်ရုံများ၌ စတင်ပြသခဲ့ခြင်းဖြစ်သည်။

ဟောလိဝုဒ်ဝါရင့်မင်းသားကြီး ဒန်ဇယ်ဝါရှင်တန်၏ သည်းထိတ်ရင်ဖိုအက်ရှင်ဇာတ်ကား The Equalizer သည် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၉ သန်းဖြင့် တတိယနေရာသို့ ကျဆင်းခဲ့ရကြောင်း သိရသည်။

## MI:5 တွင် တွမ်ခရုဇ်နှင့်အတူ သရုပ်ဆောင်မည့် တရုတ်မင်းသမီး Zhang Jingchu

မျိုးစန္ဒာမောင်
စုစည်းသည်



တရုတ်မင်းသမီး Zhang Jingchu က ၂၀၁၅ ခုနှစ်တွင် ထွက်ရှိလာမည့် Mission Impossible ၏ ပဉ္စမမြောက်ဇာတ်လမ်းတွဲဖြစ်သည့် MI:5 အမေရိကန်စပိုင်အက်ရှင်ဇာတ်ကားတွင် တွမ်ခရုစ်ဇ် အပါအဝင် ဟောလိဝုဒ်ငွေကြယ်ပွင့်များစွာနှင့်အတူ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ရုပ်ကိုမူ အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အင်္ဂလိပ်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်သော မင်းသမီး Zhang Jingchu အနေဖြင့် အဆိုပါ MI:5 ဇာတ်ကားသစ်သည် ပထမဆုံးသော ဟောလိဝုဒ်ဇာတ်ကားသစ်မဟုတ်ဘဲ ဂျက်ကီချန်းနှင့်အတူ Rush Hour 3 ဇာတ်ကားနှင့် John Rabe အမည်ရှိ ဂျာမန်-တရုတ်-ပြင်သစ် မှတ်တမ်းရုပ်ရှင်ဇာတ်ကားတို့တွင်လည်း ပါဝင်သရုပ်ဆောင်ထားသူတစ်ဦးဖြစ်သည်။

နောက်ဆုံးအသစ်ထွက်ရှိလာမည့် Mission Impossible 5 အက်ရှင်ဇာတ်ကားကို ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် မြောက်အမေရိက၌ စတင်ပြသသွားနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။



## အစဉ်အလာမပျက်ဆင်နွှဲ ထားဝယ်ရိုးရာ သပိတ်မျှောပွဲ

**ထားဝယ် အောက်တိုဘာ ၈**

ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာတို့၏ ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းလာခဲ့သည့် ထားဝယ်ဒေသ၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ထားဝယ်ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်သပိတ်မျှောပွဲဖွင့်ပွဲကို အောက်တိုဘာ ၈ရက် အရုဏ်တက်ချိန် နံနက် ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူရပ်ဆိပ်ကမ်းသာလမ်းထားဝယ်မြစ်ကမ်း၌ ကျင်းပခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး စေတနာရှင်အလှူရှင်များက သပိတ်မျှောပွဲသို့ လာရောက်ကြည့်ရှုသူများအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိသည်။ သပိတ်မျှောပွဲတွင် မီးပုံးပျံငယ်များလွှတ်တင်ခြင်း၊ ဇာတ်သဘင်များဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေပွဲကို ယခင်နှစ်များနည်းတူ ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။


သပိတ်မျှောပွဲဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်(ကိုယ်စား) တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်ဝင်း၊ တိုင်းဒေသကြီးဥပဒေချုပ်ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်(ကိုယ်စား)တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ထားဝယ်ရိုးရာ သပိတ်မျှောပွဲတွင် ကိုယ်တိုင်ပါဝင် ကုသိုလ်ပြုကြကြောင်း သိရသည်။

အဆိုပါသပိတ်မျှောပွဲကို နံနက် ၁ နာရီမှစ၍ နံနက် ၅ နာရီအထိ ဒေသခံပြည်သူများက သပိတ်မျှောမုခ်ဦးမှစ၍ အကွေ့၁၂ကွေ့ရှိသော ဝင်္ကပါကို ပျော်ရွှင်စွာဖြတ်ကျော်ကာ စည်ကားသိုက်မြိုက်စွာဖြင့် သပိတ်မျှော ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



















**အားကစား**

## ချင်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ယူ-၂၀ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**ဟားခါး အောက်တိုဘာ ၈**

ချင်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ယူ-၂၀ ဘောလုံးပြိုင်ပွဲ (ကွာတား)အဆင့် ပွဲစဉ်များကို အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ထိုသို့ ယှဉ်ပြိုင်ကစားကြရာ၌ ပထမပွဲစဉ်တွင် အုပ်စု(က) ပထမ ဟားခါးမြို့နယ်အသင်းက အုပ်စု(ဂ) ဒုတိယ တီးတိန်မြို့နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် အုပ်စု(ခ) ပထမ ကန်ပက်လက်မြို့နယ်အသင်းက အုပ်စု(ဃ) ဒုတိယ ပလက်ဝမြို့နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဒေါ့မွန်တွင် ပြန်လည်ကစားရန် ကာဂါဝါဆုံးဖြတ်ခြင်းမှာ မှန်ကန်ကြောင်း ဖာဂူဆန်ထောက်ခံ

ဒေးဗစ်မိုယက်အနေဖြင့် မန်ယူအသင်းကို ကိုင်တွယ်စဉ်တွင် ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား မာတာအား ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီးနောက် ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါသည် မန်ယူအသင်း၏ ကွင်းလယ်တွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် အခက်ကြုံခဲ့ရသည်။

မန်ယူအသင်း၏ ဂန္ထဝင်နည်းပြဟောင်းတစ်ဦးဖြစ်သူ ဆာအဲလက်စ်



ဖာဂူဆန်သည် မန်ယူနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က ဂျပန်ကွင်းလယ်ကစားသမားကာဂါဝါနှင့်အတူ မန်ယူအသင်း၏ အောင်မြင်မှုအတွက် လက်တွဲဆောင်ရွက်ခဲ့ရာတွင် ပျော်ရွှင်မှုရရှိခဲ့ကြောင်း၊ လက်ရှိတွင် ကွင်းလယ်ကစားသမားကာဂါဝါသည် ယခင်ကစားခဲ့သည့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့ပြီးချိန်တွင်လည်း ကာဂါဝါ၏ ဆုံးဖြတ်ချက်သည် မှန်ကန်သော ဆုံးဖြတ်ချက်ပင်ဖြစ်ကြောင်း ဖာဂူဆန်က ထောက်ခံပြောကြားခဲ့သည်။

ဖာဂူဆန်သည် ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါအား ၂၀၁၂ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒေါ့မွန်အသင်းမှ ခေါ်ယူစာချုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ ကာဂါဝါ၏ အိုးထရက်ဖို့ဒ်ပထမရာသီတွင် ၎င်း၏ စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သော်လည်း ဒေးဗစ်မိုယက်လက်ထက်တွင်မူ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးခဲ့ရသည်။ ထို့ကြောင့် ကာဂါဝါသည် ဩဂုတ်လအတွင်းက အသင်းဟောင်း ဒေါ့မွန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့သည်။

ကာဂါဝါ၏ စွမ်းဆောင်ရည်မှာ မည်သည့်အခါမျှ ကျဆင်းသွားလိမ့်မည်မဟုတ်ကြောင်းနှင့် ကာဂါဝါ၏ကစားပုံမှာ ဒေါ့မွန်အသင်းနှင့်သာ လိုက်လျောညီထွေဖြစ်သည့် ကစားပုံမျိုးဖြစ်ကြောင်းလည်း ဖာဂူဆန်က ပြောကြားခဲ့သည်။

**(ငွေကြယ်)**

## ယူရို ၂၀၁၆ ခြေစစ်ပွဲအုပ်စုပွဲစဉ်-၂

အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် အုပ်စု (D) မှ ဂျာမနီ၊ အုပ်စု (F)မှ ဖင်လန်၊ အုပ်စု(I)မှ ဒိန်းမတ်တို့၏ ၂၀၁၆ ယူရိုခြေစစ်ပွဲအုပ်စုပွဲစဉ်(၂)ကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဖွင့်ပွဲတွင် ရလဒ်ကောင်းရခဲ့သည့်အသင်းများ ဆက်ပြီးအောင်ပွဲခံဦးမည်လား၊ စိတ်ဝင်စားစရာဖြစ်နေသည်။

**ပိုလန်-ဂျာမနီ** **နံနက် ၁း၁၅(၁၂-၁၀-၂၀၁၄)**

ပိုလန်သည် ဂျာမနီနှင့် နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှုမှာ နိုင်ပွဲမရှိခဲ့ဘဲ သရေနှင့်အရှုံးသာဖြစ်ခဲ့သည်။ ထို့အပြင် ထိပ်တိုက်တွေ့ဆုံမှု(၁၈)ကြိမ်မှတ်တမ်းမှာလည်း တစ်ကြိမ်မှအနိုင်မရသေးသည်ကို တွေ့ရသည်။ ယခုပွဲမှာ ပိုလန်တို့ ချေဖျက်ပြနိုင်အောင် ကြိုးစားမည်ဖြစ်၍ ဂျာမနီတို့ အားထည့်ရှုန်းရဖွယ်ရှိနေသော်လည်း ကပ်ပြီးအောင်ပွဲခံသွားနိုင်သည်။

**ဖင်လန်-ဂရိ** **နံနက် ၁း၁၅(၁၂-၁၀-၂၀၁၄)**

ဖင်လန်ကပွဲစဉ်သစ်မှာ အနိုင်သုံးမှတ်ရခဲ့ပြီး ဂရိကရှုံးပွဲနှင့်ကြုံခဲ့သည်။ ဖင်လန်အသင်း အိမ်ကွင်းမှာအောင်ပွဲခံနိုင်အောင် ကြိုးစားယှဉ်ပြိုင်မည်ဖြစ်သည်။ ဖင်လန်သည် ဂရိနှင့် အိမ်ကွင်းတွေ့ဆုံမှုများတွင် လုံးဝရှုံးပွဲမရှိသေးသည့် မှတ်တမ်းကို ဆက်ထိန်းနိုင်ပါလိမ့်မည်။

**အယ်ဘေးနီးယား-ဒိန်းမတ်** **နံနက် ၁း၁၅(၁၂-၁၀-၂၀၁၄)**

အယ်ဘေးနီးယားက အဖွင့်ပွဲတွင် အဝေးကွင်းမှာ ပေါ်တူဂီလိုအသင်းကို အနိုင်ရအောင်ကစားပြီး စိတ်ပိုင်းဆိုင်ရာအမြင့်ဆုံးဖြစ်နေသည်။ ထိုအောင်မြင်မှုစိတ်ဓာတ်နှင့် ဒိန်းမတ်ကို တစ်ကြိမ်မှအနိုင်မရသေးသည့် မှတ်တမ်းဆိုးကို ချေဖျက်နိုင်အောင် ကစားပါလိမ့်မည်။ ဒိန်းမတ်၏လက်ရှိခြေစွမ်းကလည်း အနိုင်မရရင်တောင် မရှုံးနိုင်သည့် အနေအထားဖြစ်နေသည်။ **(ဝင်းထွဋ်ဦး)**

## ဂျူဗင်တပ်နောက်ခံလူ အော့ဘွန်နာအားခေါ်ယူရန် မန်ယူပစ်မှတ်ထား

အင်္ဂလန်ထိပ်သီးကလပ် မန်ယူအသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ဂျူဗင်တပ်အသင်း၏ အီတလီနောက်ခံကစားသမား အိန်ဂျယ်လိုအော့ဘွန်နာအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ မန်ယူနည်းပြဖြစ်သူ လူးဝစ်ဗန်ဟားလ်မှာ လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အားနည်းနေသည့် အသင်း၏ ခံစစ်ပိုင်းကို ငွေကြေးများစွာသုံးစွဲ၍ အားဖြည့်သွားရန် ပြင်ဆင်လျက်ရှိပြီး လက်ရှိအချိန်တွင် ဂျူဗင်တပ်နောက်ခံလူ အော့ဘွန်နာအား စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အော့ဘွန်နာမှာလည်း ပုံမှန်နေရာရရှိရန် ရုန်းကန်နေရသည့် ဂျူဗင်တပ်အသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေပြီး မန်ယူအသင်း၏ ကမ်းလှမ်းမှုကို ငြင်းဆန်နိုင်ဖွယ်မရှိကြောင်း အီတလီမီဒီယာများက ဖော်ပြခဲ့ကြသည်။ မန်ယူအသင်းမှာ အော့ဘွန်နာအတွက် ပေါင် ၅ သန်းခန့်ပေးချေကာ ခေါ်ယူသွားဖွယ်ရှိပြီး ဂျူဗင်တပ်နည်းပြဖြစ်သူ အယ်လီဂရီမှာလည်း ၎င်းအား ရောင်းထုတ်သွားဖွယ်ရှိနေကြောင်းသိရသည်။ အသက် (၂၆)နှစ်အရွယ်ရှိ အီတလီနောက်ခံလူ အော့ဘွန်နာမှာ ဂျူဗင်တပ်အသင်းသို့ ၂၀၁၃ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲ ၂၀ ပါဝင်ကစားပေးခဲ့သလို အီတလီလက်ရွေးစင်အသင်းတွင်လည်း ကိုးပွဲပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။ **(ကိုရဲ)**



## ကာဆီးလက်စ်အား လီဗာပူးနှင့် အာဆင်နယ် မျက်စိကျနေ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ဂိုးသမား ကာဆီးလက်စ်သည် အင်္ဂလန်မြေ၌ ကစားရန် ဆန္ဒရှိနေကြောင်း အရိပ်အမြွက်ပြောကြားခဲ့ပြီးနောက် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ကာဆီးလက်စ်အား ခေါ်ယူရန် မျက်စိကျနေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

ကာဆီးလက်စ်သည် ဒီယေဂိုလိုပက်ဇ် ရီးယဲလ်သို့ ရောက်လာခြင်းကြောင့် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ရသူဖြစ်ပြီး ရီးယဲလ်နှင့် လမ်းခွဲရန် ပြင်ဆင်လာခြင်းဖြစ်သည်။**(ငွေကြယ်)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### သတ္တုတွင်းဝန်ကြီးဌာန
### မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
### သတင်းကြေညာချက်

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်
၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်မှ ၂၀ ရက်ထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင် များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ(GTC)လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူ များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများကို သတ် မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်မှ ၁၃ ရက်ထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန **Website www.mining.gov.mm** နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း **Website www.mge.gov.mm** တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို **Download** ရယူနိုင်ပါသည်။ On-line မှတစ်ဆင့် လျှောက်ထားလိုပါက Website www. mge.gov.mm, On-line Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲ တက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၅။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက နေပြည်တော်တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

### ပြန်ကြားရေးဝန်ကြီးဌာန
### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်၊တပ်ကုန်း)ရှိ လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်၊တပ်ကုန်း)ရှိ အောက်ဖော်ပြပါ လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) Studio Complex ရှိ လေအေးပေးစက်များ
(ခ) Radio Transmitter Complex ရှိ လေအေးပေးစက်များ
(ဂ) Padauk Myay Radio Transmitter Complex ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၁၀-၂၀၁၄ရက်မှ ၂၂-၁၀-၂၀၁၄ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၁၀-၂၀၁၄ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

နန်းဦးလှိုင် (တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ)
● တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ နှင့် အင်းလေးဖောင်တော်ဦး၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း (၅)ရက်- ဆက်၍ လွိုင်ကော်၊ တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၆)ရက်။ (၄-၁၁-၂၀၁၄) ထွက်မည်။ ● ထားဝယ်နှစ်ကျိပ်ရစ်ဆူပွဲ၊ ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၆)ရက်။ ဆက်၍-မြိတ်(ဘိတ်)ဘုရားစုံဖူး(၈)ရက် (၃-၁၁-၂၀၁၄) ထွက်မည်။ ● ကျိုက်ထီးရိုး၊ မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာ၊ ကုသိနာရုံ(သောကြာညသွား၊ တနင်္ဂနွေပြန်) ● ကျိုက်ထီးရိုး(နေ့စဉ်)
● မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာ၊ ကုသိနာရုံ၊ ကေလာသ၊ ကျိုက်ထီးဆောင်း(သောကြာ/စနေ) ● ချောင်းသာ(နေ့စဉ်)
☎ 056-21671
☎ 01-391577
09-254821597

Pleasant Times
Travels & Tours Co.,Ltd
Release Your stress with Pleasant Times
တောင်ကြီး - မီးပုံးပျံပွဲတော် ခရီးစဉ် ( Nov: 5 )
ပုဂံ - ပုပ္ပါး - စွယ်တော်လေးဆူ - ပခုက္ကူ ခရီးစဉ် ( Nov: 5 )
မန္တလေး - ပြင်ဦးလွင် - မီးပုံးပျံပွဲတော် ခရီးစဉ် ( Nov: 5 )
ချောင်းသာ ၊ ငွေဆောင် ခရီးစဉ် ( Nov: 7 )
ပြည် - အကောက်တောင်(နေ့ချင်းပြန်) ခရီးစဉ် ( Oct: 11)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

ရွှေထက် (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားပို့ဆောင်ရေး)
09250202697,0931629890,0949577445
တောင်ကြီးမီးပုံးပျံပွဲ ကလော၊ထမ်စမ်း၊အင်းလေး၊ မွေတော်ကက္ကူ၊ပင်းတယ Oct-31
ပြင်ဦးလွင်မီးပုံးပျံပွဲ မန္တလေး၊စစ်ကိုင်း၊ပြင်ဦးလွင် Nov-4
ခရီးစဉ်အားလုံး Hotel Package (စရိတ်ငြိမ်း) ကြိုတင်လက်မှတ်ဝယ်ယူရရှိနိုင်ပါသည်။

POST ရာထူးဝင်ခွင့်သင်တန်း
Tel: 09420129333
ဘဏ္ဍာရေး-ပြည်တွင်းအခွန်အနီးကပ်
(11-10-2014)နေ့ ဖွင့်ပြီ။ စာအုပ်ရပြီ။
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ပန်းဆိုးတန်းမှတ်တိုင်ဆင်းပါ။


THADINGYUT
Value Offerings
CRYSTAL
EXECUTIVE CONDOMINIUM
FACILITIES
OFFICES & MARTS
SWIMMING POOL WITH SIDE DECK
GYMNASIUM
WATER LOUNGE
PARKING FOR EVERY UNIT
ADDITIONAL 20% GUEST PARKING
PASSENGER LIFT [ 2 ] NOS
CAR LIFT [ 1 ] NO
INTERNET [ FIBRE LINE ]
24 HR BACK UP GENERATOR
[ FOR LIFT & SECURITY ]
PRIVATE TRANSFORMER
FREEHOLD LAND
EARLY BIRD PROMOTION
Only On October > 10% Off [ For First - 10 Units ]
Only On November > 5% Off [ For Any Units ]
30 Months FLEXIBLE PAYMENT PLAN
PYI THAR YAR ST
WAIZAYANTAR RD
THU MINGALAR RD
AUNG YADANAR HOSPITAL
SAN PYA HOSPITAL
EAST HORSE RACE COURSE
ORANGE
SUPER ONE
LAY DAUNGKAN RD
LAY DAUNGKAN RD
JUNCTION ZAWANA
THUWANA STADIUM
SALES OFFICE - 2
ECLION GLOBAL
SALES OFFICE - 1
THANTHUMAR RD
REAL HOME
REAL HOME CONSTRUCTION
ECLION GLOBAL
SALES OFFICE 1
NO.001, BUILDING NO.(B), THANTHU MAR ROAD,
24 THUWANA BLOCK, THINGANGYUN TOWNSHIP.
TEL : +95 -1- 563737, +95-9-730 98007, 73098998
SALES OFFICE 2
EAST HORSE RACE COURSE ROAD, TARMWE.
TEL : +95 -9 -73489999, +95-1-8604483
ARCHITECT
DE ARCH
M & E
SANTI
STRUCTURE
UNITY & STRENGTH
T.Q.M CONSULTANTS
BALA+

## ပြည်တွင်းရေးရာ

# ကျွန်းလှမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ကျွန်းလှ၊ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံ (၁/၂၀၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပခဲ့သည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံ (၁/၂၀၁၄) သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ညွန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသောင်းဟိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်း၌ သင်တန်းသား ၂၀၀ တက်ရောက်ကြပြီး သင်တန်းကာလ ရက်၂၀အတွင်း စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မြန်အောင်မြို့နယ်မီးသတ်တပ်ဖွဲ့များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**မြန်အောင်၊ အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းတွင် မြန်အောင်မီးသတ်တပ်ဖွဲ့မှ အရန်မီးသတ်တပ်ဖွဲ့များ လေ့ကျင့်ရေး မွမ်းမံသင်တန်းကို အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက မီးသတ်တပ်ဖွဲ့စခန်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာများ၊ မြို့နယ်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး ကော်မတီဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသို့ မြို့မတိုက်နယ်မှ သင်တန်းသား ၁၀၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက လက်တွေ့သင်တန်းပေးမည်ဖြစ်ကြောင်း၊ သင်တန်းကိုနေ့စဉ် နံနက် ၇ နာရီမှ ၁၁ နာရီအထိ သင်ကြားသွားမည်ဖြစ်ကြောင်း မီးသတ်ဦးစီးမှူးက ပြောကြားသည်။

**နေဝင်းဇော်(မြန်အောင်)**

# စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၂။)**
**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်**
**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (က)၌ ပါရှိသော " စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ ရှေ့၌ ထားပြီး"ဆိုသည့်စကားရပ်ကို"စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်နှင့် ယှဉ်တွဲ၍ အသုံးပြုပါကယင်း စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ ရှေ့၌ထားပြီး"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။" ဆိုသည့် စကားရပ်ကို "အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ ထား၍ ခေါ်ဝေါ်သုံးစွဲနိုင်သည်။" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ ပါရှိသော "တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့" ဆိုသည့် စကားရပ်၏ရှေ့တွင် "ပုဒ်မခွဲ(က)အရ ခေါ်ဝေါ်သုံးစွဲသည့်အခါ"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(၃) စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည်-

(က) လိုအပ်ပါက နည်းဥပဒေများ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# စဉ့်ကိုင်မြို့နယ်တွင် ပိုင်ရှင်ရှိခွေးများအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**စဉ့်ကိုင်၊ အောက်တိုဘာ ၈**

စဉ့်ကိုင်မြို့နယ်အတွင်း ခွေးရူးရောဂါမဖြစ်ပွားစေရေးနှင့် ခွေးရူးရောဂါတိုက်ဖျက်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ ပိုင်ရှင်ရှိ အိမ်မွေးခွေးများ၊ ဘုန်းကြီးကျောင်းများတွင် မွေးမြူထားသော ခွေးများနှင့် စာသင်ကျောင်းများရှိ ခွေးများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကာကွယ်ဆေးများ အခမဲ့လိုက်လံထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခွေးများအား ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်ပြီး "ခွေးရူးရောဂါကြောင့် ကမ္ဘာပေါ်မှာ ၁၀ မိနစ်ကို လူတစ်ဦးနှုန်းသေဆုံးနေရတာပါ။ ခွေးရူးရောဂါက ကုသခြင်းထက် ကာကွယ်ခြင်းကပိုပြီးထိရောက်လို့ ကျွန်တော်တို့အနေနဲ့ ခွေးရူးရောဂါပပျောက်အောင်ရယ်၊ မဖြစ်ပွားအောင်ရယ် ကြိုတင်ပြီးအိမ်မွေးခွေးတွေကို ခွေးရူးရောဂါ ကြိုတင်ကာကွယ်ဆေးတွေ လိုက်လံထိုးနှံပေးနေတာပါ။ ဒါမှလူတွေကော၊ ခွေးတွေကော ခွေးရူးပြန်ရောဂါကင်းဝေးမှာပါ။ ခွေးရူးပြန်ရောဂါကင်းဝေးဖို့အတွက် ပြည်သူလူထုပါ ပါဝင်ကူညီဆောင်ရွက်ပေးမှ ပိုပြီးထိရောက်မှာပါ"ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဝင်းထွဋ်က ပြောကြားသည်။



ခွေးရူးရောဂါကာကွယ်တိုက်ဖျက်နိုင်ရေးအတွက် ခွေးများကိုခွေးရူးရောဂါကြိုတင်ကာကွယ်ဆေး အခမဲ့ထိုးနှံရန် မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းမှ အဓိကကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ကျောက်ဆည်)**

# ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ အရေးပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန်၊ အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် (၂၁) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၅ ရက်၌ အ. ထ. က(၇) အလုံတွင် ဖွင့်လှစ်ခဲ့ပြီး အရေးပြိုင်ပွဲနှင့် ဆုပေးပွဲကို အ. ထ. က(၁)အလုံ အနီးရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ကျင်းပခဲ့သည်။

အနောက်ပိုင်းခရိုင် (၂၁) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ အရေးပြိုင်ပွဲ၌ အာဆီယံတေးသီချင်း ခေါင်းစဉ်ဖြင့် အရေးယှဉ်ပြိုင်ကြပြီး ဝါသနာရှင်(ပ) အဆင့်တွင် ရွှေတိုင်မြတ်ကို ကြည့်မြင်တိုင်ကိုယ်စားပြုက ပထမရရှိခဲ့ကြောင်း သိရသည်။

ဝါသနာရှင် (ဒ)အဆင့်ပြိုင်ပွဲတွင် ရွှေတည်တင်ဦးလေး ကြည့်မြင်တိုင်ကိုယ်စားပြုက ပထမနှင့် မထက်လင်းရွှေရည် ဗဟန်းကိုယ်စားပြုက ဒုတိယဆုများ အသီးသီး ရရှိကြကာ လသာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ ဒိုင်အဖွဲ့ဝင် ဆရာဦးသစ်အောင်နှင့် မရမ်းကုန်းကိုကိုလှိုင်တို့က အောက်တိုဘာ၆ရက် နံနက် ၁၀ နာရီတွင် ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး


### ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉၅

ဒေါ်ကျော့ကျော့ခိုင် (တရားလို) နှင့် ဒေါ်တင်ကြည် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ အခန်း-၅၄၊ တိုက်-၂၂နေ ဒေါ်တင်ကြည်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "၈-၁၀-၂၀၁၁ရက်စွဲပါ လက်ရောက်ငွေကျေပေး မြေနှင့်အဆောက်အအုံအရောင်းအဝယ်ကတိစာချုပ်အရမှတ်ပုံတင်စာချုပ်ချုပ်ပေးစေလို့မှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၂ရက် (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းသီတာ)
ခရိုင်တရားသူကြီး



### ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၂

ဦးမိုးကျော်အောင် တရားလို နှင့် ဦးတင်အေး တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၈၅၇)၊ ပညာလမ်း၊ (၃၇)ရပ်ကွက်နေ တရားပြိုင်ဖြစ်သော ဦးတင်အေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမိုးကျော်အောင်မှ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်(၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက် ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်း ရမည်။

၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မြတ်ခိုင်ဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး



### ကန့်ကွက်နိုင်ပါသည်

ဦးဝင်းအောင်[၁၂/ကမတ(နိုင်)၀၂၄၅၀၅]ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၉)၊ ပေ(၂၅×၆၀)အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ကန်ထရိုက်တာဦးဝင်းယုနိုင်[၁၂/လမန(နိုင်)၁၂၄၀၀၂]က ကန်ထရိုက်တိုက်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလာ**(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၈၄)၊ အကျယ်အဝန်းပေ(၄၀×၆၀) ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်မြေအမည်ပေါက် ပိုင်ဆိုင်သူ ဦးကျောက်ခဲ[၁၂/မဂဒ(နိုင်)၀၆၁၇၄၀]ထံမှဦးဇေယျာမင်း[၁၂/မဂတ(နိုင်)၀၉၂၉၅၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇေယျာမင်း
ဖုန်း-၀၉-၅၀၀၅၆၈၉

# ကသာ၌ သဘာဝဘေးဒဏ်ကြောင့် အိုးအိမ်ပျက်စီးခဲ့သူများ မြေနေရာပေးအပ်

**ကသာ၊ အောက်တိုဘာ ၈**

အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီတွင် ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရုံးခန်း၌ သဘာဝဘေးဒဏ်ကြောင့် နေအိမ်များ ဆုံးရှုံးခဲ့ရသော အိမ်ထောင်စုကိုးစုအတွက် မြေနေရာပေးအပ်ရန် အစည်းအဝေးကို ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ ရဲမှူးကျော်အောင်မြင့်၊ ခရိုင်မြေစာရင်း ဦးစီးမှူး ဦးဇော်မျိုးဦး၊ မြို့နယ်အထောက်အကူပြုအဖွဲ့မှ ဦးတိုး၊ ဦးဘမောင်၊ မြို့နယ်စာရေးဆရာအသင်းမှ ဦးခင်မောင်လေး၊ မြေနေရာရရှိမည့် အိမ်ထောင်စုကိုးစုနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးကျော်ဆွေတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ရေဘေးဒုက္ခကြုံရ၍ နေအိမ်ပျက်စီးခဲ့သူများကို တတ်နိုင်သမျှ ကူညီခဲ့ကြောင်း၊ မူလနေရာတွင် နေစရာမရှိတော့သဖြင့် နေရာသစ်တွင် မြေနေရာချပေးခြင်းဖြစ်ကြောင်း၊ မြေနေရာရှားပါးသော်လည်း တတ်နိုင်သမျှ နေရာချပေးခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးကျော်ဆွေက အိမ်ထောင်စုတစ်စုလျှင်ပေ ၄၀၊ ပေ ၅၀ တစ်ကွက်ပေးရာ၌ ကိုယ်တိုင်နေထိုင်ရမည်ဖြစ်ပြီး ရောင်းချပိုင်ခွင့်လုံးဝမရှိကြောင်း၊ သတ်မှတ်ကာလအတွင်း လူမနေလျှင် ပြန်လည်သိမ်းယူမည့်အချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ယခုပေးအပ် မည့်နေရာကို လက်ခံမှုရှိ-မရှိ မေးမြန်းရာ အားလုံးကလက်ခံခဲ့သည်။

ကသာမြို့၊ ပြည်သာယာရပ်ကွက်၊ သာယာကုန်းသို့ နေရာပြောင်းရွှေ့မည့် မိသားစုများကို မြို့မိမြို့ဖများက မော်တော်ယာဉ်များ စီစဉ်ပေး၍ မီးသတ်တပ်ဖွဲ့မှ ကူညီပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်း၌ စက်တင်ဘာ ၁၈ ရက်ညက ရွာသွန်းခဲ့သော မိုးကြောင့် တံတားများပျက်စီး၍ လူသုံးဦး သေဆုံးခဲ့ကာ နေအိမ်များ ရေထဲမျောပါ ပျက်စီး၍ လယ်ယာမြေများ ရေဖုံးလွှမ်း ပျက်စီးမှုများ ကြုံတွေ့ခဲ့ရသည်။

ကသာမြို့ သွေးခြောက်ချောင်းအတွင်း တောင်ကျရေစီးဆင်းမှုကြောင့် အိမ်သုံးလုံး ရေထဲမျောပါကာ လူနှစ်ဦး သေဆုံးခဲ့ရသည်။ ထို့ပြင် အန္တရာယ်ရှိအိမ်များအား ဖျက်ခဲ့ရပြီး ချောင်းနံဘေးရှိအိမ်များကို ရေလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ကသာမြို့၊ (၉)ရပ်ကွက်အတွင်းရှိ သွေးခြောက်ချောင်းကမ်းပါးဘေးတွင် နေထိုင်သော နေအိမ်သုံးလုံးသည်လည်း မိုးရေကြောင့် ကမ်းပါးပြိုမည့်အခြေအနေရှိသဖြင့် နေအိမ်များကိုဖျက်၍ ရွှေ့ပြောင်းပေးခဲ့ရသည်။

ကသာမြို့ရှိ ရေဘေးဒုက္ခကြုံရသူများကို မြို့ပေါ်ရှိ လူမှုအဖွဲ့အစည်းများနှင့် မြို့နယ်နှင့် ခရိုင်တာဝန်ရှိသူများက ငွေကြေး၊ ပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ **အေးလွင်(ကသာ)**

# ပညာသင်စရိတ်နှင့် မသန်စွမ်းအထောက်အကူပစ္စည်းများ ပေးအပ်



**ဟသ်ာတ၊ အောက်တိုဘာ ၈**

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရန်ကုန် (ရုံးချုပ်)နှင့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ (ရုံးခွဲ) ၏ (၅) နှစ်ပြည့် ပညာသင်စရိတ် ပေးအပ်ခြင်းနှင့် မသန်စွမ်းအထောက်အကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ဟသ်ာတမြို့၊ မြို့တော်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရန်ကုန် (ရုံးချုပ်)မှ သံစဉ်ပန်း မသန်စွမ်း အနုပညာလှုပ်ရှားမှုအဖွဲ့က မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကြီးသီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပြီး ဧရာဝတီတိုင်းဒေသကြီး သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဦးစိုးမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရန်ကုန် (ရုံးချုပ်)မှ အထွေထွေအတွင်းရေးမှူး ဦးအေးကိုကိုက အသင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟသ်ာတမြို့နယ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဝင် ၂၀ ဦးကို Wheel Chair ၁၆ စီး၊ ချိုင်းထောက်နှစ်စုံ၊ တုတ်ကောက် သုံးချောင်းနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်စရိတ်များ ထောက်ပံ့လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊ ကိုယ်အင်္ဂါမသန်စွမ်းသူအသင်းဝင်များနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပတ္တမြား FM ငါးနှစ်ပြည့်ပွဲ စည်ကားစွာကျင်းပ

**မြစ်ကြီးနား၊ အောက်တိုဘာ ၈**

အစီအစဉ်ကောင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနေသော ပတ္တမြား FM ၏ အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် ငါးနှစ်ပြည့် Road Show ပွဲအား အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်ရှိ City Park Royal ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နိုင်ငံကျော်တေးသံရှင် အဆိုတော် နီနီခင်ဇော်၊ Ar-T၊ ဂျက်ဆန်ထွန်း၊ မရန်ဆိုင်းနော်နှင့် သားသားတို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ပတ္တမြား FM မှ တာဝန်ရှိသူများက ပတ္တမြား FM ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြစ်ကြီးနား မျက်မမြင်ကျောင်းအား ငွေကျပ်သုံးသိန်း၊ နယ်လုံခြုံရေးအရ ပြောင်းရွှေ့နေထိုင်ကြသည့် သံပေါလု ဘုရားကျောင်းမိသားစုသို့ ငွေကျပ် ၂၄၄၆၄၀၀၊ ဂျန်မိုင်ကောင်းနှစ်ခြင်းဘုရားကျောင်းရှိ မိသားစုသို့ ငွေကျပ် ၃၇၀၈၀၂၅ တို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ယင်းနောက် လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်အား ၂၄ လက်မ ဖလက် TV အပါအဝင် DVD စက် ခုနစ်လုံး၊ ချယ်ရီမိုဘိုင်းမှ ဟန်းဆက် ခြောက်လုံးတို့အား ကံစမ်းမဲဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ ပရိသတ် ၁၅၀၀ ခန့် တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**မိုးဃမ်းကျ(မြစ်ကြီးနား)**




အမည် အလက(၂) ဒဂုံ၊ အဋ္ဌမတန်းမှ အဖ ဦးတင်ဦး၏သား မောင်ထူးဇော်အား
ဖြည့်စွက် မောင်ထူးဇော်လွင်ဟု ပြောင်းလဲခေါ်ပါရန်။
ခေါ်ပါရန် မောင်ထူးဇော်လွင်

Sweet Angel Nail Art & Beauty Training School

လက်သည်းနှင့်အလှအပဆိုင်ရာပညာရပ်များကိုတစ်နေရာထဲ၌ ဘာသာစုံသင်ယူလိုသူများနှင့်ဆိုင်ဖွင့်မည့်သူများအတွက်

ဘာသာစုံ သင်တန်းကြေး - (၁၀)သိန်း

တစ်ဘာသာချင်းတက်ရောက်လိုသူများအတွက်

| | | |
|---|---|---|
| ဆံပင်ညှပ် | 250,000 | 2 Months |
| ဆံထုံး | 250,000 | 2 Months |
| မိတ်ကပ် | 250,000 | 2 Months |
| လက်သည်းပုံဖော်ပန်းချီ | 250,000 | 2 Months |
| လျှော်၊ဆေးဆိုး၊ဖြောင့်၊ကောက် ဆေးဖယောင်း၊ပေါင်းတင် | 250,000 | 1 Month |

{ (30.10.2014) ရက်နေ့အထိ 10% Discount ရှိသည်။ }

သင်တန်းချိန်ညှိနိုင်းနိုင်သည်။
နယ်မှတက်ရောက်လိုသူများအတွက် အဆောင်စီစဉ်ပေးသည်။

အခန်း(406)၊ ပန်းခြံတာဝါ၊ ဗားကရာလမ်းနှင့်မွေ့စေတီလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-538510,09-5107347,09-33546597

## တိုက်ခန်း၊ မြေကွက် အမြန်ရောင်းမည်

၁။ မုဒိတာအိမ်ရာ၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ၁၅ပေ×၄၅ပေ၊ ဒုတိယ ထပ်၊ ဓာတ်လှေကားပါ၊ 1 MBR, 1BR ပါကေးခင်း၊ ရောင်း သိန်း ၃၉၀ ညှိနှိုင်း
၂။ ရန်ကုန်-နေပြည်တော် အမြန်လမ်းမပေါ်၊ ၂၀ မိုင် ၇ဖာလုံ၊ လှည်းကူးမြို့နယ်၊ ၄ ဧက၊ ရောင်း သိန်း ၁၂၀၀ ညှိနှိုင်း
၃။ ပဲခူးတိုင်းဒေသကြီး ဇောင်းတူရေအားလျှပ်စစ်စီမံကိန်းအနီး မြေဧက -၂၅၀ ရောင်း- ၁ ဧက ၁၅ သိန်း (ညှိနှိုင်း)

ဖုန်း-၀၁-၉၆၆၉၀၆၆၊ ၀၉-၄၃၀၆၈၃၅၄၊ ၀၉-၂၅၀၁၈၅၈၆၄
အကျိုးဆောင်များ ၂% ပေးပါမည်။

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၂၀၇၊ အာဇာနည်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ မြေကွက်အမှတ်-၆၅၊ ပေ(၆၀×၁၀၀)၊ LS ၄၁၀၀

သူဌေးကုန်းကျေးရွာ၊ ဆားမလောက်အုပ်စု၊ ညောင်တုန်းမြို့နယ်၊ လမ်းမကြီးဘေး ပေ( ၃၆ ×၁၁၀) LS- ၁၆၀

စုံစမ်းရန်- ဖုန်း-၀၉-၄၂၈၁၉၀၇၄၆၊
၀၉-၄၃၀၉၈၆၆၁၊
၀၉-၂၅၄၅၃၄၈၃၅၊

EVER TOP ဘာသာစကားသင်တန်းများ Ph: 098770096
အမှတ်(၆၆/၆၈)၊ ရှဝ္ဇွာ၊ အင်းစိန်လမ်း (ဗိုလ်ငြိမ်းမှတ်တိုင်၊ လှည်းတန်းအနီး) 0973040610

ဂျပန်
ဦးအောင်ဆွေဦး ၊ဦးအေးသိန်း
ဆရာမစုစု၊ဆရာမခင်နှင်းဖုံ
ဂျပန်စကားပြော (ပုံမှန်/အမြန်)
အဆင့်မြင့် /စာမေးပွဲတန်းများ

အင်္ဂလိပ်
ဦးမိုးမြင့်မောင် (Top English)
(a) Saya William
ဆရာအောင်အောင်၊
4-Skills (၅၀၀၀/ကျပ်)
Phonetics (၅၀၀၀/ကျပ်)
Practical English
Grammar+Writing
စကားပြော ၃လပြတ် ၁၀၀၀၀/

ကိုရီးယား
ဒေါ်ခင်ယုယုစမ်း
EPS TOPIK / 4-Skills
(မေးခွန်းသင်ရိုးသစ်တအုပ်ရောင်းသည်)

တရုတ်
ဆရာစိုင်းဆိုင်ခမ်းဝ်
တရုတ်စကားပြော ၂လ (၅၀၀၀/)

မလေး
ဦးစိုးသီဟ
မလေးစကားပြောအမြန်

JES Driver Academy

စနေ / တနင်္ဂနွေ သင်တန်း

JES Driver Academy မှ စနေ / တနင်္ဂနွေ ဝန်ထမ်းအထူးသင်တန်းကို (18.10.2014) ရက် စနေနေ့တွင် စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ဆက်သွယ်ရန် - အမှတ် (၆)၊ ပထမထပ်၊ (၁၂) လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 098581144, 0932173735, 09420165439, 09421033567, 09421037413
www.facebook.com/ JES Driver Academy

ဖတ်စရာ

# မြန်မာ့ရိုးရာစားစရာ မုန့်ဆီကြော်နှင့် အညာကျေးလက် ဘုရားပွဲများ

à ul(aumufeawif)



'မုန့်ဆီကြော်က ဘယ်နေမှန်းမသိ နှုတ်ခမ်းနာနဲ့ တည့်ပဲ့မလားစိုးရိမ်နေ' ဟူသည့်မြန်မာစကားပုံကို ငယ်စဉ်ကတည်းကပင် ကြားနေကျဖြစ်ပါသည်။ မိမိလိုအင်ဆန္ဒ အလုံးစုံ မပြည့်စုံသေးမီကပင် အကယ်၍များဆိုသည့် ဆန္ဒဇောဖြင့် တွေးတောပူပင်တတ်သူများအတွက် ရှေးလူကြီးသူမများ ထားရစ်ခဲ့ဟန်တူပါသည်။ သို့သော် ငယ်စဉ်ကတော့ မုန့်ဆီကြော်နှင့် နှုတ်ခမ်းနာဘာများဆိုင်ပါလိမ့်ဟု တွေးမိခဲ့သော်လည်း အရေးတယူ မစဉ်းစားမိ။ ယခုတော့ မြန်မာ့ရိုးရာစားစရာတစ်မျိုး (အထူးသဖြင့်)အညာဒေသ ကျေးလက်တောရွာများ၏ ပွဲဝင်လမ်းဝင် မုန့်ပဲသရေစာ တစ်မျိုးဖြစ်သည့်အပြင်၊ ယခုအခါ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့၏တောင်ဘက် သုံးမိုင်ခန့်အကွာရှိ သမိုင်းဝင်မြစည်းခုံ ဘုရားပွဲကြီးကို သီတင်းကျွတ်လပြည့်နေ့တွင်ကျင်းပမည်ဖြစ်ရာ ဘုရားကြီးအနီးဝန်းကျင် ကျေးရွာများတွင် မုန့်ဆီကြော်နှံ့ သင်းပျံ့နေသည့် အချိန်ကာလလည်းဖြစ်နေ သောကြောင့် မုန့်ဆီကြော်နှင့် ပတ်သက်၍ စိတ်ဝင်စားလာရပါသည်။

မုန့်ဆီကြော်သည် အညာကျေးလက်ဒေသများ၏ ဘုရားပွဲများနှင့် အလှူပွဲလမ်းများတွင် မပါမဖြစ်သည့် အထင်ကရမုန့်တစ်မျိုးဖြစ်ပြီး အဆိုပါ မုန့်ဆီကြော်နှင့်အတူ တွဲ၍ နှစ်ခြိုက်စွာ စားသုံးကြသည်မှာ ပဲစေ့မုန့်ကြော်ဖြစ်ပါသည်။ ရှေးယခင်က ကျေးလက်တော ရွာများတွင် သီတင်းကျွတ်ကာလနှင့် အလှူပွဲလမ်းများအတွက်မုန့်ဆီကြော်ကို အိမ်တိုင်းစေ့အပြိုင်အဆိုင် ပြုလုပ်ကြရာ၊ မုန့်ဆီကြော်အတွက် အဓိကအမယ်ဖြစ်သော ကောက်ညှင်းဆန်မှုန့်ကို မိန်းမပျိုလေးများက မောင်းဆုံများဖြင့် ထောင်းကြရကြောင်းနှင့် ထိုအချိန်များတွင် ကျေးရွာအတွင်း အိမ်တိုင်းအိမ်တိုင်းမှ ထုံ. . ထုံ. . ဟူသည့် မောင်းထောင်းသံများဖြင့် တစ်ရွာလုံးဆူညံနေလေ့ရှိသလို၊ လူငယ်ကာလသားများကလည်း မောင်းထောင်းနေသည့် မိန်းမပျိုလေးများထံ လူပျိုလှည့်လေ့ရှိကြကြောင်း သိရသည်။ ယင်းနောက် ညပိုင်းတွင် အိမ်ရှေ့မြေကွက်လပ်များ၌ မီးဖို၍ မုန့်ဆီကြော် ကြော်ကြခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ခေတ်ကာလပြောင်းလဲမှုနှင့် လူနေမှုပုံစံများပြောင်းလဲခဲ့သော်လည်း ချစ်စရာ အညာဓလေ့စရိုက်တို့သည်ကား ခိုင်မြဲစွာ တည်ရှိလျက် အညာသူအညာသားတို့၏ စေတနာ သဒ္ဓါတရား ထက်သန်မှုတို့သည်လည်း လျော့နည်းသွားခြင်း မရှိသည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာပင်ဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ မြန်မာ့လက်မှု လုပ်ငန်းအချို့ဖြစ်သည့် မောင်းထောင်းဆုံများ၊ ပဲကြိတ်ခုံများ ကျေးလက်တောရွာများမှ ပျောက်ကွယ်သွားခြင်းဖြစ်ပါသည်။

ယနေ့အချိန်တွင် မုန့်ဆီကြော် ပြုလုပ်ရန်အတွက် လိုအပ်သည့် ဆန်မှုန့်၊ ကောက်ညှင်းဆန်မှုန့်တို့ကို မြို့ပေါ်ရှိ အမှုန့်ကြိတ်စက်ခုံများတွင်သာ သွားရောက်ကြိတ်ခဲ့ကြပြီး၊ အချို့မှာ မိမိအိမ်မှသန့်စင်ပြီး ဆန်၊ ကောက်ညှင်းတို့ကို ကြိတ်ခဲ့ကြသလို၊ အချို့မှာလည်း အမှုန့်ကြိတ်စက်မှ ကြိတ်ပြီး ဆန်၊ ကောက်ညှင်းမှုန့်တို့ ကို ဝယ်ယူလုပ်ဆောင်ကြကြောင်း သိရသည်။

မုန့်ဆီကြော် ပြုလုပ်ရာတွင် ကောက်ညှင်းတစ်ပြည်ကို အမှုန့်ကြိတ်၍ အဆိုပါ ကောက်ညှင်းမှုန့်နှင့် ထန်းလျက် ၅၀ ကျပ်သား၊ သကြား ၅၀ ကျပ်သား(သကြားမသုံးလိုလျှင် ထန်းလျက်တစ်ပိဿာ)၊ အုန်းသီးတစ်လုံး၊ မြေပဲဆီ ၅၀ ကျပ်သားတို့ကို အသုံးပြုရကြောင်း သိရသည်။ ကောက်ညှင်းမှုန့်ကို ရေကျက်အေးဖြင့်ဖျော်၍ ထန်းလျက်၊ သကြား၊ အုန်းသီးဆန်တို့ကို တစ်ပါတည်းထည့်ပြီး သမအောင်မွှေ၍ ဆီကျက်အောင် မီးပူပေးထားသည့် ဒယ်အိုးပြားပေါ်တွင် မိမိလိုသလို အချပ်အရွယ်အစားကိုလိုက်ကာ ကြော်ရခြင်းဖြစ်ကြောင်း သိရပြီး၊ ကောက်ညှင်းတစ်ပိဿာလျှင် မုန့်ဆီကြော်အချပ်ရေ ၁၃၀ ခန့် ရရှိကြောင်းသိရသည်။

မုန့်ဆီကြော် ပြုလုပ်ရန်အတွက် ကုန်ကျစရိတ်မှာ ကောက်ညှင်းဆန် အမှုန့်ကြိတ်ခ တစ်ပိဿာ ၁၂၀၀ ကျပ်၊ မြေပဲဆီ ၅၀ ကျပ်သား ၁၉၀၀ ကျပ်၊ အုန်းသီးတစ်လုံး ၇၀၀ ကျပ်၊ ထန်းလျက် ၅၀ ကျပ်သား ၆၀၀ ကျပ်နှင့် သကြား ၅၀ ကျပ်သား ၆၀၀ ကျပ် စုစုပေါင်းကုန်ကျငွေ ၅၀၀၀ ကျပ်ဖြစ်ကြောင်းသိရသည်။

"ကျွန်မတို့အိမ်က မြစည်းခုံဘုရားပွဲအတွက် မုန့်ဆီကြော် ကြော်ဖို့မုန့် ငါးပိဿာလုပ်ရတယ်။ နှစ်တိုင်းအဲသလောက်လုပ်တာပါပဲ။ အဝင်နေ့ညနေ ဘုရားဆွမ်းတော်ကြီးခံလောင်းရတယ်။ ဘုရားနေ့ကျ ဘုရားဆွမ်းတော်နဲ့ ဘုန်းကြီးကျောင်း လှူတာနဲ့ပြီးတော့ ဘုရားလာတဲ့ဧည့်သည်တွေ ဧည့်ခံရတာပေ့ါ။ မြို့ပေါ်ကဆွေတွေ၊ မျိုးတွေအိမ်တွေနဲ့ အသိမိတ်ဆွေတွေအိမ်တွေလည်း သွားပို့ရသေးတယ်။ တစ်ခါတလေ မုန့် ငါးပိဿာကြော်တာကို မလောက်ချင်ဘူး။ ဒါတောင်ပဲစေ့မုန့် ပါသေးတယ်။ ပဲစေ့မုန့်ကတော့ သိပ်မစားကြပါဘူး။ ဒီမြစည်းခုံ ဘုရားပွဲတော်ပြီးတော့လည်း ကျွန်မတို့ရွာက ဘိုးဘွားတွေတည်ခဲ့တဲ့ ဘုရားကို တန်ဆောင်မုန်းလမှာဆွမ်းလုံးချကြသေးတယ်။ အဲဒီအချိန်မှာလည်း မုန့်ဆီကြော်ကြော်တယ်။နောက်တပေါင်းလမှာ ပုန်းမကြီးမှောက်ဖို့အတွက်တစ်ခါကြော်ကြတယ်။ ဒီအပြင်တော့ အလှူပေ့ါ။ ကိုယ့်အလှူမှာတော့ မပါမဖြစ်ကြော်ရပြီး ဆွေမျိုးသားချင်းတွေ လှူတဲ့အလှူမှာလည်း သံဃာစင်တက်ဖို့နဲ့ ဧည့်ခံဖို့ကြော်ရတာပေ့ါ" ဟု ရွာလုကျေးရွာမှ ဒေါ်ငွေသိုက်က ၎င်းတို့ရွာ၏အလေ့အထကို ပြောပြသည်။

အညာကျေးရွာများတွင် မုန့်ဆီကြော်နှင့်တွဲဖက်၍ စားသုံးလေ့ရှိသည့် အစားအစာမှာ ပဲစေ့မုန့်ကြော်ဖြစ်ပြီး၊ အဆိုပါ ပဲစေ့မုန့်ကြော်ကို ပဲလက်ကောက်(သို့မဟုတ်)တောင်ပေါ်ပဲကိုအသုံးပြုကြပြီး ချင်း၊ ကြက်သွန်ဖြူများ သင့်အောင်ထည့်၍ ရေစိမ်းနှင့် ရောမွှေကြော်ရသည်။

ကျောက်ပန်းတောင်းမြို့နယ်၊ စည်ပေါက်ကုံးကျေးရွာအုပ်စုတွင် သက္ကရာဇ် (၆၆၄) ခုနှစ်က တောင်တွင်းမြို့စား သီဟပတေ့မင်း တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် မြစည်းခုံဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး၊ အဆိုပါ ဘုရားပွဲသို့ ရွာလု၊ ရွာလပ်၊ စည်ပေါက်ကုံး၊ ရိုးခြား၊ ပေါက်သစ်၊ တောင်ခြေ၊ ဇလင်းတောင်၊ ကန်ရဲ၊ တခါးမ၊ ကြံစို့ အစရှိသည့် အနီးဝန်းကျင်းကျေးရွာ ၁၂ ရွာကျော်မှ နှစ်စဉ်နှစ်တိုင်း ဆွမ်းလုံးချ စုပေါင်းကုသိုလ်ယူကြသည့်အပြင် သီတင်းကျွတ်လဆန်းမှ တန်ဆောင်မုန်းလပြည့်ကျော်အထိ မိမိတို့ကျေးရွာဘုရားပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြရာ ဆီရွှဲရွှဲ မုန့်ဆီကြော် အရသာကို မြည်းရင်းဖြင့် အညာဓလေ့ ကျေးရွာဘုရားပွဲများကိုလာရောက် လေ့လာနိုင်ပါကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား မြစ်ကြီးနားတွင်ကျင်းပ

**မြစ်ကြီးနား၊ အောက်တိုဘာ ၈**

အောက်တိုဘာ ၅ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ကို ယင်းနေ့ နံနက် ၈ နာရီခွဲက ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးလဂျွန်ငန်ဆိုင်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံအဖွဲ့များကပေးပို့သော စုပေါင်းသဝဏ်လွှာကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးက ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် လူမှုရေး ဝန်ကြီးတို့က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အထက်တန်းနှင့် အလယ်တန်းအဆင့်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအားကန်တော့ပွဲအခမ်းအနားကို ကျင်းပရာ ဂါရဝပြုခံဆရာကြီး၊ ဆရာမကြီး ၃၁ ဦး တက်ရောက်၍ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးနှင့် ပညာရေးဝန်ထမ်းများက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြကာ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပညာရေးမိသားစုတို့မှဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး ဆရာမကြီးနှစ်ဦးက ဆုတောင်းမေတ္တာများပို့သခဲ့ကြသည်။

**မိုးဃံကျ(မြစ်ကြီးနား)**

အနာဂတ်ဘဝခိုင်မာဖို့ အကောင်းဆုံးပြင်ဆင်လိုသော လူငယ်များအတွက်
City & Guilds UK Engineering Diploma & Advanced Diploma သင်တန်းများ City & Guilds
ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ ....
Electronic Engineering (New)
Electrical Engineering (New)
Mechanical Engineering (New)
(Since 2004) Manufacturing Engineering (New)
ရုံးချိန်တွင်း / ရုံးချိန်လွတ် 17.10.2014 စမည်။
Electrical Installation
Refrigeration & Air Conditioning
Construction Engineering (Civil)
Up to 20% OFF
ထူးခြားမှုများ
City & Guilds မှ အသစ်ပြဌာန်းလိုက်သော 'New Syllabus' ဖြင့် သင်ကြားမည်။
အင်ဂျင်နီယာလုပ်ငန်းခွင်အတွက် များစွာအသုံးဝင်သော 'Health and Safety, Environmental Regulation, Working Standard, Quality Control' အစရှိသော ဘာသာရပ်များ သင်ကြားရမည်။
နိုင်ငံတကာ တက္ကသိုလ်များ ဆက်တက်လျှင် ဘာသာရပ်ဆိုင်ရာ ကင်းလွတ်ခွင့်များရရှိမည်။
GLORYသည် သင်တန်းကျောင်းသက်တမ်း(၁၀)နှစ်အတွင်း သင်တန်းသား (17,000) ကျော် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရှင် (၄)ဦး ကို မွေးထုတ်ပေးခဲ့ပါသည်။
GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com

### အမြန်ဝယ်လိုသည်

ရန်ကုန်မြို့ရှိ လုံးချင်း၊ ကွန်ဒို၊ တိုက်ခန်း၊ မြေကွက်များ ဝယ်လိုသည်။
ဖုန်း-၀၉-၂၅၀၀၀၇၅၆၀၊ ၀၉-၃၁၁၀၅၇၆၇၊ ၀၉-၃၀၀၂၆၀၉၉၊

### ငှားလိုသည်

(နိုင်ငံခြားသား သီးသန့်)
ရန်ကုန်မြို့တွင်း-မြို့နယ်စုံရှိ လုံးချင်း၊ ကွန်ဒို၊ တိုက်ခန်းများ ငှားလိုပါသည်။
ရွှေရည်ပန်းစက်
ဖုန်း-၀၉-၄၃၀၁၇၀၀၀၊ ၀၉-၅၀၈၉၇၆၄

### ဆက်သွယ်ပါ

(၅)ထပ်တိုက်၊ (၁၀)ထပ်တိုက်၊ အထပ်မြင့် ကွန်ဒိုများ ဆောက်လုပ်လိုပါသည်။ မြေရှင်များ ဆက်သွယ်ပါ။
ရွှေရည်ပန်းစက်
ဖုန်း-၀၉-၄၃၀၁၇၀၀၀၊ ၀၉-၅၀၈၉၇၆၄

# တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**လားရှိုး၊ အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်၌ (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် တတိယအကြိမ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုအောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက လားရှိုးမြို့ မြို့တော်ခန်းမတွင် ကျင်းပရာ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ၊ လားရှိုးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းလှိုင်၊ ပလောင်တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဦးမိုင်းဝဏ္ဏ၊ ကချင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဒူဝါဇုတ်ဒေါင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်မိုးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီးနောက် အခြေခံပညာအဆင့် အသက် ၅ နှစ်မှ ၁၀ နှစ် ကာလပေါ်တေး(အဆို)၊ မဟာဂီတ(အဆို)၊ အမျိုးသား(အက)၊ အမျိုးသမီး(အက)၊ အမျိုးသားစန္ဒယား (အတီး) အမျိုးသမီး စန္ဒရား(အတီး)၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ် ကာလပေါ်တေး(အဆို)၊ မဟာဂီတ(အဆို)၊ အမျိုးသမီး(အက)၊ အမျိုးသားကဗျာလွတ်အက၊ အမျိုးသမီးကဗျာလွတ်အက၊ အမျိုးသား စန္ဒရား(အတီး)၊ အမျိုးသမီး စန္ဒရား (အတီး)၊ ဝါသနာရှင်အဆင့် မဟာဂီတ အမျိုးသမီး(အဆို)၊ အမျိုးသား (အဆို)၊ ဝါသနာရှင်အဆင့် ခေတ်ဟောင်းတေး အမျိုးသား(အဆို)၊ အမျိုးသမီး(အဆို)၊ ဝါသနာရှင် အဆင့် ခေတ်အကြိုက်တေး၊ ဝါသနာရှင်အဆင့် မဟာဂီတ အမျိုးသမီး (အဆို)၊ အမျိုးသား(အဆို)၊ ဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး (အက)၊ ဝါသနာရှင်အဆင့် တစ်ပင်တိုင်အကနှင့် ဝါသနာရှင်အဆင့် ဒိုးမင်း၊ တယော၊ မယ်ဒလင်(အတီး)ပြိုင်ပွဲများ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီး(အဆို)ပြိုင်ပွဲများ၊ တစ်ပင်တိုင် အကပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲများဖြစ်ကြသည့် ကချင်၊ ရှမ်း၊ ဝ၊ လီဆူ ယဉ်ကျေးမှုအဖွဲ့များက ယှဉ်ပြိုင်ကပြ ဖျော်ဖြေကြသည်။




အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

